မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၁၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၁၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဖြစ် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှသာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်လာမည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက်ဖော်ဆောင်

ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ် နိုင်ငံတော်ကြီးခေတ်မီဖွံ့ဖြိုးရေး ပြည်သူများက စည်းလုံးညီညွတ်စွာ ဦးထမ်းပဲ့ထမ်း ပါဝင်ဆောင်ရွက်

နေပြည်တော် မေ ၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မေ ၈ ရက် နံနက် ၈နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် *စာမျက်နှာ ၈ ကော်လံ ၁* ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးတွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီးနှင့် ဆရာဝန် ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၁၀ ရက်)

ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများ သားစဉ်မြေးဆက်ထိန်းသိမ်း ပြည်ထောင်စုစိတ်ဓာတ်အရင်းတည် လက်တွဲညီညီကြိုးပမ်း

ကချင်ပြည်နယ် ဖားကန့်မြို့နယ် မြစ်ကြီးနား-နမ္မတီး-တနိုင်းလမ်းပိုင်းရှိ ဝါရာဇွပ်တံတားအမှတ်(၂) ဖွင့်ပွဲအခမ်းအနားကို မေလ ၈ရက်နေ့က ဝါရာဇွပ်တံတား အမှတ်(၂)အနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ခဲ့သည်။

ယင်းတံတား ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသ လုပ်ငန်းစဉ်ကြီး(၅)ရပ်အနက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းစဉ်ကြီးကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်း၏ အကျိုးရလဒ်ပင်ဖြစ်သည်။

ကချင်ပြည်နယ်သည် ရထားလမ်းပိုင်းနှင့် လေကြောင်းလမ်းကိုသာ အဓိကအားထားခဲ့ရပြီး ကားလမ်းများသည် ခက်ခဲစွာသွားလာခဲ့ရသော လမ်းများဖြစ်၍ ဒေသခံတိုင်းရင်းသား ပြည်သူများသည်လည်း ယခင်က မြစ်ကြီးနား-နမ္မတီး-တနိုင်းလမ်း၏သွားလာမှု ခက်ခဲခြင်း၊ လုံခြုံမှုကင်းမဲ့ခြင်းတို့ကို နှစ်ပေါင်းများစွာ ခံစားခဲ့ကြရသည်။

ယခုအခါ ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းသာယာပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုရရှိအောင် ကြိုးပမ်းတည်ဆောက်နိုင်ခဲ့ပြီဖြစ်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့် အကောင်အထည်ဖော်လာနိုင်ကြပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပန်ဆင်၍ ပြည်ထောင်စုတစ်ဝန်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍစုံကို မျက်ခြည်မပြတ် လေ့လာဆန်းစစ်ပြီး ဖြည့်ဆည်းစီမံပေးလျက်ရှိသည်။

၁၉၈၈မတိုင်မီက ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတားနှင့် စစ်တောင်းမြစ်ကူး စစ်တောင်းတံတားသာရှိခဲ့ရာမှ တပ်မတော်အစိုးရ လက်ထက်တွင် ဧရာဝတီမြစ်ကူးတံတား ရှစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတား နှစ်စင်း၊ သံလွင်မြစ်ကူးတံတား ငါးစင်း၊ စစ်တောင်းမြစ်ကူးတံတား တစ်စင်း တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ယခုဖွင့်လှစ်သည့် ဝါရာဇွပ်တံတား အမှတ်(၂)သည် ပေ၁၈၀အထက်မြစ်ကူး၊ ချောင်းကူးတံတားပေါင်း၏ ၂၂၅ စင်းမြောက် တံတားလည်း ဖြစ်သည်။

သို့ဖြစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများသည် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းအသုံးပြုနိုင်ရန်၊ တည်တံ့ရန် ထိန်းသိမ်းသွားကြရမည်ဖြစ်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းတည်ကာ လက်တွဲညီညီ ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၅-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅:၁၅ MRTV-4 နံနက်ခင်းသတင်း
၆:၀၀ **မမေ့အပ်တဲ့လေးဌာန** တရားတော် (အပိုင်း-၁) (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၇:၀၀ ရတနာသိုက်ရှာပုံတော်(အပိုင်း-၃၀)
၇:၃၀ The Jetsons
၈:၀၀ MRTV-4 နံနက်ခင်းသတင်း
၈:၄၅ Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၉:၃၅ မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက်မြကျောက်ရေစင်
၉:၅၀ Yangon Panorama (Chatrium Hotel တစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား)
၁၀:၂၀ အညာဒေသစပါးအထွက်တိုးစေမည့် ပခုက္ကူခရိုင်မှ ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း
၁၀:၃၅ The Hotel Amara Naypaidaw ဖွင့်ပွဲအခမ်းအနား
၁၀:၅၀ ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
၁၁:၀၅ လက်သည်းပန်းချီ (အပိုင်း-၃)
၁၁:၁၅ Activities in the City (အထက-၃၊ ဒဂုံ ရန်ပုံငွေရှာဖွေပွဲ)
၁၁:၂၅ ဓာတ်ပုံထဲမှအမှတ်တရများ (မျိုးစန္ဒီကျော်)
၁၂:၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ကဝေပျို၏ပစ္စုပ္ပန်**
၁၂:၄၀ တေးဂီတအစီအစဉ်
၁:၀၀ **မမေ့အပ်တဲ့လေးဌာန** တရားတော် (အပိုင်း-၁) (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၁:၄၀ စွယ်တော်လေးဆူဆုပန်ယူ
၂:၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၅)
၂:၃၅ World's Greenest Homes(4)
၃:၀၀ မိုမေတို့လှစေဖို့ (အပိုင်း-၁)
၃:၁၅ Internet Directory (Orange Internet Cafe)
၃:၃၀ တေးဂီတအစီအစဉ်
၃:၅၀ အိမ်တွင်းစီးပွားမုန့်လုပ်နည်းပညာများ (နာနတ်ယိုပြုလုပ်ရအောင်)
၄:၁၀ လေ့လာသင်ယူစရာပဟိုတယ်ပညာ
၄:၃၀ မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက်မြကျောက်ရေစင်
၄:၄၅ VJ Choice
၅:၁၀ စိတ်ချမ်းသာ ကိုယ်ကျန်းမာစေမှာကုမုဒြာ (အပိုင်း-၂)
၅:၂၅ Sports World
၆:၀၀ MRTV-4 ညနေခင်းသတင်း
၆:၁၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၅)
၆:၅၀ International Video Topics (နှစ်သန်းလေးထောင်စစ်ပွဲမှ အသက်ရှင်ကျန်ရစ်သူများ)
၇:၂၀ Activities in the City (အထက-၃၊ ဒဂုံ ရန်ပုံငွေရှာဖွေပွဲ)
၇:၃၀ ဓာတ်ပုံထဲကအမှတ်တရများ (မျိုးစန္ဒီကျော်)
၈:၀၀ MRTV-4 သတင်း
၈:၁၅ Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၉:၁၅ Internet Directory (Orange Internet Cafe)
၉:၃၀ ကဏ္ဍစုံလင် အားကစားအစီအစဉ် (Arsenal-Chelsea) (Live)
၁၁:၃၀ ရတနာသိုက်ရှာပုံတော်(အပိုင်း-၃၀)
၁၂:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ကဝေပျို၏ ပစ္စုပ္ပန်**
၁၂:၃၀ VJ Choice
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League (36) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Man U-Man City	ESPN (Live)
၉:၂၅	Arsenal - Chelsea	ESPN (Live)

Series -A ပွဲစဉ်(35) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၃၀	Cagliari-Roma	5-Cartoons (Live)
၁:၀၀	AC Milan- Juventus	5-Cartoons (Live)

ဂန္ဓမာပန်းစိုက်ခင်းများကြည့်ရှု

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် အေးသာယာမြို့ ရေထွက်ဦးရပ်ကွက် တောင်သူဦးဟန်စိုး၏ ဂန္ဓမာပန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ၇ရက် နံနက်ပိုင်းက ကလောတပ်နယ် ရွှေရတုခန်းမ၌ အရာရှိ၊စစ်သည်၊ တပ်နယ်မိသားစုဝင်များနှင့်တွေ့ဆုံပြီး ဟဲဟိုးတပ်နယ် ဒေသန္တရအသားတိုးဝက်မွေးမြူရေးခြံ၌ အသားတိုးဝက်များ မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ခင်းများကြည့်ရှု

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် အင်းခေါင်းကျေးရွာ တောင်သူဦးကျော်လွင်၏ ဂန္ဓမာပန်း စိုက်ခင်းကိုလည်းကောင်း၊ အေးသာယာမြို့ ရေထွက်ဦးရပ်ကွက် တောင်သူဦးဟန်စိုး၏ ဂန္ဓမာပန်းစိုက်ခင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗိုလ်ချုပ် မင်းအောင်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တောင်ကြီးမြို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ထုံးဖိုသုတေသနခြံသို့ရောက်ရှိရာ လက်ထောက်သုတေသနအရာရှိက သုတေသနလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

စပါးမျိုးနမူနာ

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ထုံးဖိုသုတေသနခြံမှ သုတေသနပြု စိုက်ပျိုးထုတ်လုပ်ပြသထားသော အာလူးနှင့် စပါးမျိုးနမူနာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၀-၅-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှသတ္တဝါများ** (အပိုင်း-၂၃)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အမှတ်တရ**
၁၃:၃၀ ၆။ ကျန်းမာသုတ
၁၃:၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၄၆)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၁။ လျှပ်တစ်ပြက်
၆:၄၅ ၁၂။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၄၆)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင်နှင့် သိုင်းမောင်နှံ** (အပိုင်း-၄)

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်(မြောက်ပိုင်း)ခရိုင် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်ပေါင်း ၂၀ မှ ပြည်သူများ၊ အတွင်းပဒံ၊ အပြင်ပဒံ၊ ကုလားကြီးစု၊ ညောင်၊ ရေဥက္ကံ၊ ရှမ်းချောင်း၊ ကစင်၊ အလယ်၊ ရွှေလင်ပန်းစသည့် ကျေးရွာ ကိုးရွာတို့မှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အတိတ်သမိုင်းကို မှန်မှန်ကန်ကန်ပြန်လည်သုံးသပ်

ပစ္စုပ္ပန်ကာလ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တစ်မျိုးသားလုံးဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာ

ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရပ်တန့်ပျက်စီးမသွားစေရေး အထူးသတိပြုထိန်းသိမ်းကာကွယ်

ရန်ကုန် မေ ၉

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက် စနာရီတွင် လှိုင်သာယာမြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက် ၁မှ ၂၀အထိ ရပ်ကွက်ပေါင်း ၂၀မှ ပြည်သူများ၊ အတွင်းပဒံ၊ အပြင်ပဒံ၊ ကုလားကြီးစု၊ ညောင်၊ ရေဥက္ကံ၊ ရှမ်းချောင်း၊ ကစင်၊ အလယ်၊ ရွှေလင်ပန်းစသည့် ကျေးရွာ ကိုးရွာတို့မှ ဒေသခံပြည်သူ စုစုပေါင်းအင်အား ၂၁၀၀ကျော်တက်ရောက်ကြသည်။

ရှေးဦးစွာ လှိုင်သာယာမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထိန်းသိမ်းကာကွယ်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတစ်ရပ်လုံး၏ ထက်သန်သည့် လိုလားချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဥပဒေ၏အရိပ်အောက်တွင် လွတ်လပ်စွာနေထိုင် လုပ်ကိုင်စားသောက်နိုင်ရေးဟူသည့် အခြေခံအချက်သုံးချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှု အသီးအပွင့်များကို လက်တွေ့သိရှိခံစားနေရသည့်အားလျော်စွာ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရပ်တန့် ပျက်စီးမသွားစေရေး အထူးသတိပြု ထိန်းသိမ်းကာကွယ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အထူးသဖြင့် ၁၉၄၈ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အတိတ်သမိုင်းများကို မှန်မှန်ကန်ကန် ပြန်လည်သုံးသပ်လျက် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ပစ္စုပ္ပန်ကာလအတွင်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို လေ့လာပြီး အနာဂတ်တွင် ပစ္စုပ္ပန်ကာလကဲ့သို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မပျက် ဆက်လက်ရရှိရေးအတွက် အာမခံနိုင်သည့် အခြေအနေမျိုးရရှိအောင် စဉ်းစားဆင်ခြင် ဆောင်ရွက်သွားကြရန် အထူးအရေးကြီးကြောင်းတို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အတွင်းပဒံကျေးရွာရေရရှိရေးတင်ပြချက်နှင့် စပ်လျဉ်း၍ မြေအောက်ရေရရှိရေးဆောင်ရွက်ပြီး အုတ်ရေကန်များမှတစ်ဆင့် ဖြန့်ဝေပေးနိုင်ရေးအတွက်လည်းကောင်း၊ ကစင်ကျေးရွာ ခိုင်ရွှေဝါလမ်း ဂဝံခင်းခြင်းဆောင်ရွက်ရန် အတွက်လည်းကောင်း၊ ဒေသအာဏာပိုင်များ၊ မြို့တော်စည်ပင်မှ တာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များမှ ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက လှိုင်သာယာမြို့နယ် အမှတ်(၁၁)ရပ်ကွက် အလင်းသစ်စာကြည့်တိုက် သွပ်မိုးရန်အတွက် ငွေကျပ်ခုနစ်သိန်းကိုလည်းကောင်း၊ အမှတ်(၂၀)ရပ်ကွက်ရှိ အမှတ်(၈)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင်၅၀၀ကိုလည်းကောင်း၊ ၂၀၀၉-၂၀၁၀ပညာသင်နှစ် လှိုင်သာယာမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားကြမည့် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ဖတ်စာအုပ်များကိုလည်းကောင်း၊ အလယ်ကျေးရွာ၌ လက်နှိပ်တုံကင်ရေတွင်း ငါးတွင်းတူးဖော်ရန်အတွက် ငွေကျပ်၄၅၀၀၀၀တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်ပေါင်း ၂၀ မှ ပြည်သူများ၊ အတွင်းပဒံ၊ အပြင်ပဒံ၊ ကုလားကြီးစု၊ ညောင်၊ ရေဥက္ကံ၊ ရှမ်းချောင်း၊ ကစင်၊ အလယ်၊ ရွှေလင်ပန်းစသည့် ကျေးရွာ ကိုးရွာတို့မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတစ်ရပ်လုံး၏ ထက်သန်သည့် လိုလားချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဥပဒေ၏အရိပ်အောက်တွင် လွတ်လပ်စွာနေထိုင် လုပ်ကိုင်စားသောက်နိုင်ရေးဟူသည့် အခြေခံအချက်သုံးချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ။

တရုတ်နိုင်ငံ ပေကျင်းမြို့၌ (၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဓာတ်ပုံထုတ်လုပ်မှုဆိုင်ရာ စက်ပစ္စည်းနှင့်နည်းပညာပြပွဲ (၂၀၀၉)တွင် ပါဝင်ပြသထားသည့် ဓာတ်ပုံကူးစက်တစ်လုံးကို မေ ၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တံမွတ်ခေါင်းပါးမည့် အန္တရာယ် ကန်ကလေးငယ်များ ရင်ဆိုင်ရဖွယ်ရှိ

လော့စ်အိန်ဂျလိစ် မေ ၉

အသက်ငါးနှစ်အောက်ရှိ အမေရိကန်မှ ကလေးငယ် ၃ဒသမ၅သန်းခန့်သည် တံမွတ်ခေါင်းပါးမည့် အန္တရာယ်နှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း တံမွတ်ခေါင်းပါးမှု တိုက်ဖျက်ရေးအုပ်စုက မေ ၇ရက်တွင် ပြောကြားလိုက်သည်။

ယင်းနှုန်းသည် အသက်ငါးနှစ်အောက်ရှိ အမေရိကန်ကလေးငယ် ၁၇ရာခိုင်နှုန်းဖြစ်ကြောင်း ကလေးငယ်များတွင် စားနပ်ရိက္ခာဖူလုံမှုမရှိမှုသည် ၃၃ရာခိုင်နှုန်းဖြစ်ပြီး အမေရိကန်လူကြီးများထက် မြင့်မားလျက်ရှိကြောင်း ဖိဒင်အမေရိကအုပ်စု၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရင်ဆိုင်ဖွယ်ရှိ

ပြည်နယ်၁၁ခုတွင် အသက်ငါးနှစ်အောက် ကလေးငယ် ၂၀ရာခိုင်နှုန်းသည် တံမွတ်ခေါင်းပါးမည့်အန္တရာယ်နှင့် ရင်ဆိုင်ဖွယ်ရှိကြောင်း၊ လူဝီဆီးယားနားပြည်နယ်တွင် ၂၅ရာခိုင်နှုန်းအောက်ရှိကာ ယင်းပြည်နယ်နောက်တွင် မြောက်ကယ်ရိုလိုင်းနား၊ အိုဟိုင်းယိုး၊ ကင်တပ်ကီ၊ တက္ကဆက်၊ နယူးမက္ကဆီကို၊ ကန်ဆပ်၊ တောင်ကယ်ရိုလိုင်းနား၊ တင်နက်ဆီ၊ အိုင်ဒါဟိုနှင့် အာကန်ဆောပြည်နယ်များသည် အစဉ်လိုက်အားဖြင့် ရှိကြသည်ဟု ယင်းအစီရင်ခံစာ၌ ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်နိုင်ငံ ဖာရက်ချ်ပြည်နယ်တွင် အမေရိကန်တို့ လေကြောင်းမှ တိုက်ခိုက်ခဲ့ပြီးနောက် အပျက်အစီးများကို မေ ၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အေအင်န်စီခေါင်းဆောင် ဇူးမား တောင်အာဖရိကသမ္မတသစ် ဖြစ်လာ

ကိတ်တောင်း မေ ၉

အေအင်န်စီခေါင်းဆောင် ဂျေးကော့ဘ်ကဲလေယိလုဲကိဆာ ဇူးမားအား တောင်အာဖရိကနိုင်ငံ သမ္မတအဖြစ် ပါလီမန်က မေ ၆ရက်တွင် ရွေးချယ်တင်မြှောက်လိုက်သည်။

တာဝန်ရှိ

သမ္မတသစ်ဇူးမားအနေဖြင့် စီးပွားရေးမြင့်တင်ရေးနှင့် အလုပ်အကိုင်သစ်များ ဖန်တီးပေးရေးမှာ ၎င်း၏လက်ငင်းဦးစားပေး လုပ်ငန်းများအဖြစ် ဆောင်ရွက်ရန် တာဝန်ရှိလာသည်။

စတုတ္ထမြောက်သမ္မတ

ပြည်ပသို့ မသွားရောက်မီ အသားအရောင်ခွဲခြားရေးစနစ်ကို တောင်အာဖရိကအစိုးရ အကောင်အထည်ဖော်နေစဉ် ဇူးမားသည် ထောင်ဒဏ် ၁၀နှစ် ကျခံခဲ့ရသူဖြစ်သည်။ ၁၉၉၄ခုနှစ်တွင် လူဖြူအုပ်စိုးမှု ချုပ်ငြိမ်းပြီးနောက် ဇူးမားသည် တောင်အာဖရိကနိုင်ငံ၏ စတုတ္ထမြောက် သမ္မတဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အစ္စရေးနှင့် ပါလက်စတိုင်းဆွေးနွေးပွဲ အဓိကကိစ္စများကို ကိုင်တွယ်ရန် တိုက်တွန်း

ဘက်သလီဟမ် မေ ၉

အစ္စရေးနှင့်ပါလက်စတိုင်းတို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်ပြုလုပ်သောအခါ ဂျေရုဆလင်အရေး အပါအဝင် အရေးပါသည့်ကိစ္စများကို ကိုင်တွယ်ရမည်ဖြစ်ကြောင်း အရှေ့အလယ်ပိုင်း အထူးသံတမန် တိုနီဘလဲက တိုက်တွန်းပြောကြားလိုက်သည်။

ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးကြိုးပမ်းမှုဆိုင်ရာ အမေရိကန်၊ ဥရောပသမဂ္ဂ(အီးယူ)၊ ကုလသမဂ္ဂနှင့် ရုရှားပါဝင်သည့် လေးပွင့်ဆိုင်အဖွဲ့၏ အထူးသံတမန်ဖြစ်သည်။

ဆွေးနွေး

တိုနီဘလဲ၏ အဆိုပါ တိုက်တွန်းပြောကြားချက်များမှာ အစ္စရေးဝန်ကြီးချုပ် နက်တန်ယာဟုကား အရေးပါသည့် ကိစ္စများနှင့်စပ်လျဉ်း၍ ပြန်လည်စေ့စပ်ဆွေးနွေးရေး လေးပွင့်ဆိုင်အဖွဲ့က ဖိအားပေးမည့် လက္ခဏာတစ်ရပ်ဖြစ်သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကမ္ဘာတစ်ဝန်း A/H_1N_1 တုပ်ကွေးရောဂါဖြစ်သူဦးရေ ၂၃၇၁ဦးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကြေညာ

ဂျီနီဗာ မေ ၉

ကမ္ဘာတစ်ဝန်း နိုင်ငံ၂၄ နိုင်ငံတွင် A/H_1N_1 တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၂၃၇၁ဦးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ကြေညာသည်။

ကြေညာ

မက္ကဆီကိုနိုင်ငံ၌ သေဆုံးသူ ၄၂ဦး အပါအဝင် A/H_1N_1 တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၁၁၂ ဦးရှိကြောင်း သတင်းရရှိပြီး အမေရိကန်နိုင်ငံ၌ သေဆုံးသူ နှစ်ဦးအပါအဝင် A/H_1N_1 တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၈၉၆ဦးရှိကြောင်း ဒဗလျူအိတ်ချ်အိုက ကြေညာသည်။

ဖြစ်ပွား

မေ ၇ရက်က ဂရင်းနစ်စံတော်ချိန် ၁၈း၀၀နာရီတွင် နိုင်ငံအလိုက် A/H_1N_1 တုပ်ကွေးရောဂါ ဖြစ်ပွားသူဦးရေမှာ ဩစတြီးယား၌တစ်ဦး၊ ကနေဒါနိုင်ငံ၌ ၂၀၁ဦး၊ တရုတ်နိုင်ငံပိုင် ဟောင်ကောင်၌ တစ်ဦး၊ ကိုလံဘီယာ၌ တစ်ဦး၊ ကော်စတာရီကာ၌ တစ်ဦး၊ ဒိန်းမတ်၌တစ်ဦး၊ အယ်ဆာဗေဒိုနိုင်ငံ၌ နှစ်ဦး၊ ပြင်သစ်၌ငါးဦး၊ ဂျာမနီ၌ ၁၀ဦး၊ ဂွာတီမာလာ၌ တစ်ဦး၊ အိုင်ယာလန်၌ တစ်ဦး၊ အစ္စရေးနိုင်ငံ၌ ခြောက်ဦး၊ အီတလီ၌ ငါးဦး၊ နယ်သာလန်၌ နှစ်ဦး၊ နယူးဇီလန်၌ ငါးဦး၊ ပိုလန်၌ တစ်ဦး၊ ပေါ်တူဂီ၌ တစ်ဦး၊ တောင်ကိုရီးယား၌ သုံးဦး၊ စပိန်၌ ၈၁ဦး၊ ဆွီဒင်၌ တစ်ဦး၊ ဆွစ်ဇာလန်၌ တစ်ဦးနှင့် ဗြိတိန်၌ ၃၂ဦးတို့ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တော်တွင် A/H_1N_1 တုပ်ကွေးရောဂါကြောင့် ကျောင်းများပိတ်ထားရာမှ ပြန်လည်ဖွင့်လှစ်ခဲ့ရာ စာသင်ခန်းအတွင်းသို့အဝင် လက်သန့်ရှင်းရေး ပြုလုပ်နေကြသည့် ကျောင်းသူများအား မေ ၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မုန်တိုင်းတိုက်ခတ်

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ဆင်ခြေဖုံးဒေသတွင် မုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် အပျက်အစီးများကို မေ ၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လောင်းကစားခန်းမ မီးလောင် ယူကရိန်းစက်မှုမြို့၌ ကိုးဦးသေဆုံး

ကိယက်ဗ် မေ ၉

ယူကရိန်းနိုင်ငံ ဒီနီပရော်ပီထရိုဗက်စ်မြို့လယ်တွင် ဈေးရောင်းစက်များနှင့် ပြည့်နှက်နေသည့် လောင်းကစားခန်းမကြီးတွင် မီးလောင်မှုဖြစ်ပွားရာ ကိုးဦးသေဆုံးပြီး ၁၁ဦးဒဏ်ရာ ရရှိကြောင်း အရေးပေါ်ဝန်ကြီးဌာနက ပြောကြားသည်။

ပြောကြား

စက်မှုမြို့ဖြစ်သည့် ဒီနီပရော်ပီထရိုဗက်စ်၌ နံနက်၁နာရီတွင် လောင်းကစားခန်းမ မီးလောင်ခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူ ဗစ်တာကရိုက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ကိုးဦးသေဆုံးပြီး ၁၁ဦးဒဏ်ရာရကြောင်း၊ မီးလောင်ရခြင်းအကြောင်းရင်းကို မသိရသေးကြောင်း ဗစ်တာက ဆက်လက် ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဒတ်ချ်သင်္ဘောတစ်စင်း ဆိုမာလီ ပင်လယ်ဓားပြများ အပိုင်စီးခံရ

နိုင်ရိုဘီ မေ ၉

ပင်လယ်ဓားပြရန်ကြောင့် ယခုအခါ ကမ္ဘာပေါ်တွင် အန္တရာယ်အများဆုံး ရေကြောင်းလမ်းဖြစ်သည့် အေဒင်ပင်လယ်ကွေ့၌ ဆိုမာလီပင်လယ်ဓားပြများက သင်္ဘောသားရှစ်ဦးလိုက်ပါလာသည့် ဒတ်ချ်သင်္ဘောတစ်စင်းကို မေ ၇ရက်က အပိုင်စီးလိုက်သည်။

အကူအညီပေး

အေဒင်ပင်လယ်ကွေ့ အတွင်းတွင် အဆိုပါ ပင်လယ်ဓားပြတိုက်မှုမှာ လွန်ခဲ့သည့် နှစ်နာရီကဖြစ်ပွားခြင်းဖြစ်ကြောင်း၊ လောလောဆယ်တွင် ထိုမျှသာသိရသေးကြောင်း ကင်ညာနိုင်ငံ အခြေစိုက်သည့် အရှေ့အာဖရိက ပင်လယ်ပျော်များ အကူအညီပေးရေး အစီအစဉ်မှ ညှိနှိုင်းရေးမှူး အင်ဒရူးအမ်ဝမ်ဂူရာက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရတ်အမျိုးသမီးကို အဓမ္မပြုကျင့်၍ ၎င်းနှင့်မိသားစုအား သတ်ဖြတ်ခဲ့သည့် ကန်တပ်ဖွဲ့ဝင် သေဒဏ်ကျခံရဖွယ်ရှိ

လူဝစ္စဗီး(ကင်တပ်ကီ) မေ ၉

အမေရိကန်တပ်ဖွဲ့ဝင်ဟောင်းတစ်ဦးက အီရတ်အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်ပြီးနောက် ၎င်းနှင့် ၎င်း၏မိသားစုအား ဘဂ္ဂဒက်မြို့တော်တွင် ၂၀၀၆ ခုနှစ်က သတ်ဖြတ်ခဲ့သည့်ပြစ်မှုကြောင့် သေဒဏ်အပြစ်ပေးခံရဖွယ်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အစိုးရခုံသမာဓိရုံးက သာမန်တပ်ဖွဲ့ဝင်ဟောင်းဖြစ်သူ စတီဗင်ဂရင်းအား အပြစ်ရှိကြောင်း ဆုံးဖြတ်ထားပြီး စွဲချက် ၁၆ခု တင်ထားကာ မေ ၄ရက်က စတင် စစ်ဆေးရာတွင် သေဒဏ်ပေး၊ မပေး ဆုံးဖြတ်မည်ဖြစ်သည်။

ဆုံးဖြတ်မည်

ဂရင်းသည် အသက် ၂၄နှစ်ရှိပြီး သတ်ဖြတ်မှု၊ အဓမ္မပြုကျင့်မှု စသည့်စွဲချက်များဖြင့် အစိုးရရုံးတော်တွင် အရပ်သားတစ်ဦးအဖြစ် အစစ်ဆေးခံရမည်ဖြစ်သည်။

ပြစ်မှုကျူးလွန်စဉ်က အသက် ၁၉နှစ်သာရှိသေးသည့် ဂရင်းသည် တပ်ဖွဲ့ဝင်ငါးဦးတွင် သတ်ဖြတ်သူတစ်ဦးဖြစ်ပြီး အသက် ၁၄နှစ်ရှိ အက်ဘီးယားကာဆင်ဟမ်ဇာအယ်လ်ဂျာနာဘီအား အဓမ္မပြုကျင့်ခဲ့ကာ ၎င်းနှင့် ၎င်း၏ ဖခင်၊ မိခင်နှင့်ညီမတို့အား သတ်ဖြတ်ခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

စားသုံးကုန်များ ကျန်းမာရေးနှင့် ညီညွတ်ရေးစစ်ဆေး

တနိုင်းမြို့နယ်အစားအသောက်နှင့် ဆေးဝါးကျန်းမာရေးကြီးကြပ်မှုကော်မတီဝင် မြို့နယ်ဆရာဝန်ကြီးဒေါက်တာစိုင်းထွန်း၊ မြို့နယ်ပညာရေးမှူး ဦးဆာရ်ဝမ်ဖုန်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်း၊ မြို့နယ် အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်စိုးနှင့်အဖွဲ့ဝင်များသည် မတ် ၂၈ရက်က စားသုံးသူ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန်အတွက် မြို့မဈေးကြီးနှင့် မြို့ပေါ်ဈေး ဆိုင်များအတွင်းရှိ စားသုံးကုန်ဆိုင်များအား ကွင်းဆင်းစစ်ဆေး ကြပ်မတ်ဆောင်ရွက် ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တိုင်းရင်းဆေးပြုတ်ရည်အိုးလှူဒါန်း

ကရင်ပြည်နယ် ဘားအံတိုင်းရင်းဆေးရုံ၌ တိုင်းရင်းဆေးရုံတာဝန်ခံ ဆရာမကြီး ဒုတိယဆေးရုံအုပ် ဒေါ်ကြည်ကြည်ငွေးထံသို့ ရန်ကုန်မြို့ အမှတ်(၁၃၆) ဗားကရာလမ်း စမ်းချောင်းမြို့နယ်ရှိ Great Energy Co.,Ltd. မှ တိုင်းရင်းဆေးပြုတ်ရည်အိုးကို ဧပြီ ၈ရက်က လာရောက်လှူဒါန်းရာ ဒုတိယဆေးရုံအုပ်က လက်ခံယူကြောင်း သိရသည်။

(၀၀၈)

ဂေါက်သီးရိုက်ပြိုင်ပွဲ ဝန်းသို၌ ကျင်းပ

ကသာခရိုင် ဝန်းသိုမြို့တွင် နယ်မြေခံတပ်နယ်မှ ကြီးမှူး၍ မတ် ၂၆ ရက် နံနက် ၁၀နာရီက ကျားဖြူဂေါက်ကွင်း၌ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရာ ဆုရရှိသူ များအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်ဖွင့်

ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်နှင့် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုများ ရက်သတ္တပတ်(၂၀၀၉)ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၈ရက်က မြင်းခြံ ခရိုင်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုးက ဖတ်ကြားတင်ပြသည်။

(၀၈၇)

ရပ်စောက်မြို့၌ စံပြကျေးရွာတည်ဆောက်

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင် မြင့်ဆွေသည် ရပ်စောက်မြို့နယ် ကျိုင်းခမ်းကျေးရွာအုပ်စု ကျိုင်းခမ်းစံပြကျေးရွာ တည်ဆောက်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ မေ ၅ရက်က ကွင်းဆင်းစစ်ဆေးရာ ရပ်စောက်မြို့နယ် စည်ပင်သာ ယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်ကျော်တို့က ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ ရှင်းလင်းတင်ပြ ကြသည်။

(မြို့နယ်စည်ပင်)

ရေစကြိုမြို့၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

မကွေးတိုင်း ရေစကြိုမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမဆောင်၌ ဧပြီ ၂၄ရက်က အမှတ်စဉ် ၃/၂၀၀၉လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ဝင်(၁) ဒုတိယရဲမှူး သိန်းလွင်တို့က ပန်းတိုင် စီမံကိန်း၊ ငွေချည် (၆) ဝါလုပ်ငန်း၊ နွေစပါး၊ နွေနှမ်းစီမံကိန်း အပြည့်အဝ စိုက်ပျိုးရန်၊ ခြံစည်းရိုးကြက် ဆူပင်များ ကိုင်းဖြတ်တိုးချဲ့ စိုက်ပျိုးရန်ကိစ္စများ အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြ သည်။

(၀၆၉)

မြစ်ကြီးနား၌ ပန်းအလှပင်ပျိုးထောင်

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော စိမ်းမြရော ပန်းခြံရှိ ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ရာသီအလိုက် ပျိုးထောင်ထားရှိမှုကို မေ ၂ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်း စစ်ဆေးရာ မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးအေးလွင်တို့က ရှင်းလင်းတင်ပြခဲ့သည်။

(မြို့နယ်စည်ပင်)

အစည်းအဝေးအတွေ့အကြုံ မိုးကောင်း၌ ရှင်းလင်း

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအစည်း အဝေး အတွေ့အကြုံရှင်းလင်းပွဲကို ဧပြီ ၁၉ရက်က ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင် ဒေါ်ခင်လေးငယ်(ခင်လေးငယ်)၏နေအိမ်၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့ဝင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းအောင်(ထက်သူအောင်)က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံဗဟိုဦးစီးအစည်းအဝေး အတွေ့အကြုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

(၀၀၁)

မွန်ပြည်နယ်အတွင်းရှိ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)နှင့်တံတားများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မေ၆ ရက် မွန်းလွဲပိုင်းက စစ်တောင်းတံတားသို့ ရောက်ရှိရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် မွန်ပြည်နယ် ကျိုက်ထို မြို့နယ်ရှိ အမှတ်(၁) စက္ကူစက်ရုံ၌ လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ခင်းကျင်းပြသထားသော Bio-battery သုံး LED မီးသီးများ၊ ထုတ်ကုန်ချောပစ္စည်းများ ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မွန်ပြည်နယ် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ရှိ ကျုံမကူး ချောင်းတံတား**(အပေါ်ပုံ)**၊ ဆင်တွင်း-ဝင်းကံလမ်းပိုင်းရှိ ခဝါချောင်း တံတား၊ ကျိုက်ထိုမြို့နယ်အတွင်းရှိ ကျောင်းရွာအနီး တည်ရှိသော ဆောင်နိုင်ကြီးချောင်း တံတား၊ ဇီးကုန်း-ဆင်တွင်းလမ်းပိုင်းရှိ ကဒတ်ချောင်းတံတားနှင့် ကဇိုင်း-ဌက်ပျောတော လမ်းပိုင်းရှိ သဲဖြူချောင်းတံတားတို့၏ ကြံ့ခိုင်မှု၊ ချောင်းရေတိုက်စားမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားပြီး ဒေသခံပြည်သူ များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ညအိပ်ရပ်နား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော် ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး မွန်ပြည်နယ် သထုံမြို့နယ်တွင် ညအိပ်ရပ်နား ကြသည်။

(သတင်းစဉ်)

သဘာဝဘေးဒဏ်စောစီးစွာ သတိပေးရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၉

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (WSPA) တို့ ပူးပေါင်းဆောင်ရွက်သည့် သဘာဝဘေးဒဏ်ကျရောက်ဖြစ်ပွားပါက ဆုံးရှုံးပျက်စီးမှုနည်းပါးစေရေးအတွက် စောစီးစွာသတိပေးရေး အလုပ်ရုံဆွေးနွေးပွဲ (Workshop on Early Warning System For Natural Disaster) ကို မေ ၅ရက် နံနက် ၉နာရီက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီး(အပေါ်ပုံ)**က အမှာစကားပြောကြားသည်။**

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ ကမ္ဘာ့တိရစ္ဆာန်ကာကွယ်စောင့်ရှောက် ရေးအဖွဲ့ (WSPA) မှ Dr.Tim Meyer နှင့် Dr. Ashok, ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ရန်ကုန်တိုင်းဦးစီးမှူး၊ ရန်ကုန် တောင်ပိုင်းခရိုင်ဦးစီးမှူး၊ ဖျာပုံခရိုင်ဦးစီးမှူးနှင့် ဖျာပုံ၊ ဒေးဒရဲ၊ တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်းနှင့် သုံးခွမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများနှင့် ကျေးရွာများမှ သင်တန်းသား ၄၀ တက်ရောက်ကြသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲကို မေ ၅ ရက်နှင့် ၆ရက်တို့တွင် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းများ ဇွန်(၁)ရက် ဖွင့်မည်

နေပြည်တော် မေ ၉

၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ နှစ်စဉ် ပုံမှန်သင်တန်းများဖြစ်သော မဟာပညာရေး ဘွဲ့နှစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ)လေးနှစ်သင်တန်းများ၊ အလယ်တန်း ဆရာအတတ်သင်တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ) တစ်နှစ်သင်တန်းနှင့် ပညာရေးဘွဲ့(ဘီအီးဒီ) ပေါင်းကူး နှစ်နှစ်သင်တန်းတို့ကို ဇွန် ၁ရက် (တနင်္လာနေ့)တွင် စတင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်း အသီးသီးသို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများသည် ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ မေလနောက်ဆုံးပတ်အတွင်း ရောက်ရှိ သတင်းပို့ကြရန် ပြည်နယ်/တိုင်း အသီးသီးသို့ နှီးဆော်အကြောင်းကြားပြီးဖြစ်ကြောင်းသတင်း ရရှိသည်။ (သတင်းစဉ်)

ကျောက်မဲမြို့နယ်စည်ပင်မြို့သန့်ရှင်းရေး ပင်လုံလမ်း အုတ်ရေမြောင်းတူးဖော်

ကျောက်မဲ မေ ၉

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့အဝင် ပင်လုံလမ်းဘေးတစ်လျှောက် အုတ်ရေမြောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းကိုကိုနှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့က ဧပြီ ၂၃ရက်က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ခင်ဦးမြို့၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

ခင်ဦး မေ ၉

ခင်ဦးမြို့နယ် ရွာစဉ်ကျေးရွာ(အထက)ခွဲကျောင်း၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဧပြီ ၂၀ရက် နံနက် ၉နာရီကကျင်းပရာ မြို့နယ်တရားသူကြီး ဦးခင်မောင်စီ၊ မြို့နယ်ဥပဒေအရာရှိ ဦးတင်စိန်တို့က မူခင်းကျဆင်းရေးဥပဒေပညာပေး ရှင်းလင်းဟောပြောကြသည်။

(၁၈၂)

ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်

မေ ၉ရက်က လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါမှ ကမ္ဘာ့လူတုပ်ကွေးရောဂါ ဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး) ၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်။ (သတင်းစဉ်)

ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်း ဆောင်ရွက်

မေ ၉ရက်က လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါမှ ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၌ လူတွင်ဖြစ်ပွားသော A/H_1N_1 တုပ်ကွေးရောဂါ ယနေ့အထိ မွေးမြူရေးဝက်သို့ ကူးစက်ဖြစ်ပွားမှု မရှိသေး ဝက်နာသားနှင့် ရောဂါကြောင့် သေဆုံးသော ဝက်များအား ပြုပြင်ထုတ်လုပ် ချက်ပြုတ်စားသောက်မှုမပြုရေး ဂရုပြု

နေပြည်တော် မေ ၉

လူတွင်ဖြစ်ပွားသော A/H_1N_1 တုပ်ကွေးရောဂါသည် ဧပြီ ၁၇ရက်မှ ယနေ့အထိ ရောဂါအတည်ပြုနိုင်ငံပေါင်း ၂၉နိုင်ငံသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး အတည်ပြု ရောဂါဖြစ်ပွားသူ ၃၄၄၀၊ သေဆုံးသူ ၄၈ဦးရှိကြောင်း၊ အာရှပစိဖိတ်ဒေသအတွင်း တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဂျပန်၊ ဩစတြေးလျ၊ နယူးဇီလန်တို့၌ အတည်ပြုရောဂါဖြစ်ပွားသူ ၁၃ဦး ပါဝင်ကြောင်း သိရှိရသည်။

မေ ၇ရက်တွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့(OIE)တို့ ပူးတွဲ၍ သတင်းထုတ်ပြန်ရာ၌-

အထူးဂရုပြုလိုက်နာသင့်

ဝက်တွင်ဖြစ်လေ့ရှိသော တုပ်ကွေးဗိုင်းရပ်စ်ပိုးသည် ဝက်သားနှင့် ဝက်ထွက်ပစ္စည်းစားသုံးခြင်းဖြင့် လူသို့ကူးစက်မှု မတွေ့ရှိရသေးကြောင်း၊ ဝက်သားနှင့် ဝက်ထွက်ပစ္စည်းများအား အပူချိန် ၇၀ဒီဂရီစင်တီဂရိတ်/၁၆၀ဒီဂရီဖာရင်ဟိုက်ဖြင့် ချက်ပြုတ်ပါက တုပ်ကွေးဗိုင်းရပ်စ်ပိုး ရှင်သန်မှု မရှိနိုင်ကြောင်း၊ FAO, WHO Codex Alimentarius Commission နှင့် OIE တို့မှ ဝက်သားနှင့် ဝက်သားထွက်ပစ္စည်းများကို စနစ်တကျ သန့်ရှင်းစွာ ကိုင်တွယ်ချက်ပြုတ်စားသောက်ပါက ရောဂါကူးစက်မှု အရင်းအမြစ် ဖြစ်လာနိုင်မည်မဟုတ်ကြောင်းကို မှတ်ချက်ပြုပါကြောင်း၊ ဒေသအာဏာပိုင်များနှင့် စားသုံးသူများအနေဖြင့် ဝက်နာသားနှင့် ရောဂါကြောင့်သေဆုံးသော ဝက်များအား မည်သည့်အကြောင်းကြောင့်ဖြစ်စေ ပြုပြင်ထုတ်လုပ် ချက်ပြုတ်စားသောက်မှု မပြုရေး အထူးဂရုပြုလိုက်နာသင့်ကြောင်းဖြင့် ပါရှိသည်။

ဆောင်ရွက်လျက်ရှိ

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်တွင် ဒေသအာဏာပိုင်အဖွဲ့အစည်း၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဝက်တုပ်ကွေး အသိပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များ ရှင်းလင်းထုတ်ပြန်ခြင်း၊ ဝက်မွေးမြူရေးခြံများတွင် ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ ဇီဝလုံခြုံမှု မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်၊ တိုင်းများတွင် ပြည်ပနှင့် နယ်စပ်ဝင်ပေါက်များမှ တင်သွင်းခဲ့သော ဝက်နှင့်ဝက်ထွက်ပစ္စည်းများ စားသုံးမှုအန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ယနေ့အထိ လူတွင်ဖြစ်ပွားသော A/H_1N_1 တုပ်ကွေးရောဂါသည် မွေးမြူရေးဝက်သို့ ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

တုပ်ကွေးရောဂါ A/H_1N_1မှ လူတုပ်ကွေးကပ်ရောဂါဖြစ်နိုင် မြန်မာနိုင်ငံသို့ ဝင်ရောက်မလာရေး ကြိုတင်ကာကွယ်လျက်ရှိ ပြည်သူလူထုအား ရောဂါဖြစ်ပွားမှုအခြေအနေနှင့်စပ်လျဉ်း၍ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိ

နေပြည်တော် မေ ၉

တုပ်ကွေးရောဂါ A/H_1N_1သည် ဧပြီ ၁၇ရက်မှစတင်၍ ဖြစ်ပွားခဲ့ရာ ယနေ့အထိ ကမ္ဘာပေါ်တွင် အတည်ပြု တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၃၄၄၀ ရှိပြီး သေဆုံးသူ စုစုပေါင်း ၄၈ ဦးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ယနေ့ ထုတ်ပြန်ထားသော သတင်းများအရ သိရှိရပြီး မက္ကဆီကိုနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၂၉နိုင်ငံ၌ ရောဂါကူးစက်မှုရှိခဲ့ကြောင်း သိရှိရသည်။

စတင်ဆောင်ရွက်

တုပ်ကွေးရောဂါ A/H_1N_1 မှ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဧပြီ ၂၅ရက်မှ စတင် ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယခုဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါ Influenza A/H_1N_1 မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မလာစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော နေ့စဉ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ ဆေးကုသမှုလုပ်ငန်းဆိုင်ရာ ပြင်ဆင်ထားရှိခြင်း၊ ဆေးရုံများတွင် လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းနှင့် ဓာတ်ခွဲစမ်းသပ်နိုင်ရန် ပစ္စည်းများဖြန့်ဖြူးထားရှိခြင်း၊ လူနာသီးသန့်ဆောင်များ အသင့်အနေအထား ပြင်ဆင်ထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ဆောင်ရွက်လျက်ရှိ

ပြည်သူလူထုအား ယခုဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါ A/H_1N_1 ဖြစ်ပွားမှုအခြေအနေကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှတစ်ဆင့် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ကျန်းမာရေး အသိပညာပေးခြင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၉ရက်မှစတင်၍ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနှင့် နယ်စပ်ဒေသ ဝင်ပေါက်၊ ထွက်ပေါက်များ၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

သတင်းထုတ်ပြန်

မြန်မာနိုင်ငံ၌ ယနေ့အထိ တုပ်ကွေးရောဂါ A/H_1N_1 ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

* ကျော့ဖုံးမှ

၂၀၀၈ခုနှစ် အကောင်းဆုံး အားကစား သမားဆုများ ချီးမြှင့်သည့်နေ့ပင် ဖြစ်သည်။

တက်ရောက်

ရန်ကုန်မြို့ တာမွေမြို့နယ် ဖိုးစိန်လမ်းရှိ Chatrium ဟိုတယ်၌မေ၉ရက်

"အရင်ကထက် ပိုပြီးကြိုးစားသွားမယ်"
အောင်စည်သူ
(ဂူရှူးအားကစားသမား)

ည၇နာရီက ကျင်းပသည့် ၂၀၀၈ခုနှစ် အကောင်းဆုံး အားကစားသမားဆုများ ချီးမြှင့်ပွဲကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွတ်ခူး

၂၀၀၈ခုနှစ်အတွက် အကောင်းဆုံး အားကစားဆုများ ရွေးချယ်ချီးမြှင့်ရာတွင် အောင်စည်သူ(ဂူရှူး)က ၂၀၀၈ခုနှစ် အကောင်းဆုံး အားကစားသမားဆု ဆွတ်ခူး ရရှိခဲ့သည်။ ၂၀၀၈ခုနှစ် အကောင်းဆုံး အမျိုးသမီးအားကစားဆုကို မအောင်ငိုမ်း (မြားပစ်)က ရရှိပြီး အကောင်းဆုံးနည်းပြဆုကို အရာခံဗိုလ်ဝင်းဖေ(လေ့လျှော်)တို့ ရရှိသည့်အပြင် ၂၀၀၈ခုနှစ် အထူးဂုဏ်ပြုဆုကို ရာဇာဝင်းသိန်း(ဘောလုံး) ရွေးချယ်ချီးမြှင့်ခံရသည်။

အောင်စည်သူ

ထို့နောက်၂၀၀၈ခုနှစ် အကောင်းဆုံး အားကစားသမားဆု ရရှိသူဖြစ်သည့် အောင်စည်သူ (ဂူရှူး) နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ဂူရှူးအားကစားကို အသက်ငါးနှစ်အရွယ်ကတည်းက စတင်လေ့ကျင့်ကစားခဲ့တာပါ။ ပထမဆုံး ရွှေတံဆိပ်ရရှိခဲ့တာကတော့ ၁၉၉၇ခုနှစ် အမျိုးသားအားကစားပြိုင်ပွဲ ဖြစ်ပါတယ်။ ၂၀၀၇ခုနှစ် ဆီးဂိမ်းမှာ ချန်ချွမ်းဓားမောက်တုတ်သုံးမျိုးစုံပြိုင်ပွဲမှာ ရွှေတံဆိပ်ရရှိခဲ့ပါတယ်။ ဒါ့အပြင် ကျွန်တော့်အနေနဲ့ စုစုပေါင်း ရွှေငါးဆု၊ ငွေလေးဆု၊ ကြေးတံဆိပ်ရှစ်ဆုရရှိခဲ့ပြီး အကောင်းဆုံး

"ခွန်အားသစ်တွေ ဖြစ်စေခဲ့ပါပြီ"
အရာခံဗိုလ်ဝင်းဖေ
နည်းပြ(လေ့လှော်)

အားကစားသမားဆုကိုတော့ ပထမဆုံး ရရှိခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံအတွက် ရွှေတံဆိပ်တွေ ထပ်မံဆွတ်ခူးနိုင်ဖို့ အရင်ကထက် ကြိုးစားသွားမှာဖြစ်ပါတယ်" ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။

အောင်စည်သူမှာ အသက်၂၃နှစ်အရွယ်ရှိပြီး မန္တလေးတိုင်း ဂူရှူးအဖွဲ့မှ အားကစားသမားတစ်ဦးဖြစ်သည်။ လက်ရှိအချိန်၌ သစ်တောရေးရာ ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ အကောင်းဆုံးဆု ရရှိသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိသည်။

ထို့နောက် ၂၀၀၈ခုနှစ် အကောင်းဆုံး အမျိုးသမီးအားကစားသမားဆု ရရှိသည့် မအောင်ငိုမ်း (မြားပစ်)နှင့် တွေ့ဆုံမေးမြန်းရာ "အကောင်းဆုံးအားကစားသမားဆုကို ပထမဆုံး ရရှိတာဆိုတော့ အရမ်းဝမ်းသာရပါတယ်။ မမျှော်လင့်ခဲ့ပါဘူး၊ မြားပစ်အားကစားကို ၂၀၀၂ခုနှစ်က စတင်ကစားခဲ့တာပါ။ ပြည်တွင်း ပြည်ပဆုတွေ စုစုပေါင်းအနေနဲ့ ရွှေလေးဆု၊ ငွေခြောက်ဆုနှင့် ကြေးရှစ်ဆု ရရှိခဲ့ပြီးဖြစ်ပါတယ်။ နောင်နှစ်တွေမှာလည်း နိုင်ငံအတွက် ဆုတံဆိပ်တွေ ဆွတ်ခူးပေးနိုင်အောင် ကြိုးစားသွားမှာပါ" ဟု မအောင်ငိုမ်းက အောင်မြင်မှုအပြုံးနှင့် မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

နိုင်ငံ့ဂုဏ်ဆောင်

မအောင်ငိုမ်းသည် ချင်းပြည်နယ် မင်းတပ်မြို့ ဇာတိဖြစ်ပြီး အားကစားဝန်ကြီးဌာနတွင် ဦးစီးအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေသူတစ်ဦး ဖြစ်သည်။ မြားပစ်အားကစားဖြင့် မြန်မာ့ဂုဏ်ကို ဆောင်နိုင်သည့် အားကစားသမားလည်း ဖြစ်သည်။

တစ်ဖန် အကောင်းဆုံးနည်းပြဆု ရရှိသူ အရာခံဗိုလ်ဝင်းဖေကလည်း "လေ့လှော်အားကစားနည်းပြအဖြစ် ၁၉၉၁ ခုနှစ်က စတင်ပြီး ဆောင်ရွက်ခဲ့တာပါ။ လေ့လှော်အားကစားသမားတွေရဲ့ စိတ်ဓာတ်နဲ့ ကြိုးစားမှုတွေကြောင့် နိုင်ငံ့ဂုဏ်ဆောင် လေ့လှော်ကစားသမားတွေအဖြစ် ရွှေတံဆိပ်တွေ ရယူပေးနိုင်အောင် ကြိုးစားလေ့ကျင့်ပေးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်၊ အခုလို အကောင်းဆုံးနည်းပြဆု ရရှိတဲ့အတွက် ပိုပြီးကြိုးစားရမယ်ဆိုတဲ့ စိတ်ဓာတ်ခွန်အားသစ်တွေ ဖြစ်ခဲ့ပါပြီ" ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။

ရာဇာဝင်းသိန်း

ထို့အတူ အထူးဂုဏ်ပြုဆုရရှိသည့် ရာဇာဝင်းသိန်း(ဘောလုံး)ကိုလည်း ဆုတံဆိပ်နှင့်အတူ ပြုံးရွှင်စွာ မြင်တွေ့ရသည်။

ဆုရရှိသူအသီးသီး၏ မျက်နှာဝယ် ပီတိပြုံးများကို မြင်တွေ့ရသည့်အပြင် ဆုချီးမြှင့်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၏ မျက်နှာဝယ် ဂုဏ်ပြုသင့်သူများကို ဂုဏ်ပြုရသည့်အတွက် ကျေနပ်ပီတိ ဖြစ်နေကြသည်။ ယခု အကောင်းဆုံး အားကစားသမားများဆုများကို ချီးမြှင့်ရာတွင် ငွေသားအဖြစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ငွေကျပ် ၁၀သိန်းနှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်က ငွေကျပ် ၁၀သိန်း

"နိုင်ငံအတွက် နောက်နှစ်တွေမှာလဲ ဆုတံဆိပ်တွေ ဆွတ်ခူးပေးနိုင်အောင် ကြိုးစားသွားမှာပါ"
မအောင်ငိုမ်း
(မြားပစ်အားကစားမယ်)

ချီးမြှင့်ရာ ၂၀၀၈ခုနှစ် အကောင်းဆုံး အမျိုးသား အမျိုးသမီး အားကစားသမား တစ်ဦးလျှင် စုစုပေါင်း ကျပ် သိန်း၂၀ ရရှိသည်။

ချီးမြှင့်

ထို့အတူ အကောင်းဆုံးနည်းပြဆုအတွက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ငွေကျပ်ငါးသိန်းနှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်က ငွေကျပ်ငါးသိန်း ချီးမြှင့်သည်။ အထူးဂုဏ်ပြုဆုအတွက် ချီးမြှင့်ရာတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ငွေကျပ် သုံးသိန်းနှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်က ငွေကျပ် သုံးသိန်း ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ် ရန်ပုံငွေအတွက် အလှူရှင်များက ငွေများလှူဒါန်းသည်။ ယခုကဲ့သို့ မြန်မာ့အားကစား အဆင့်အတန်း မြှင့်တင်ရေးအတွက် အထောက်အကူပြုစေသည့် အကောင်းဆုံး အားကစားဆုများ ချီးမြှင့်ပွဲကား မြန်မာ့အားကစား တိုးတက်ဖွံ့ဖြိုးရေးအတွက် ဖြည့်ဆည်းပေးသည့် ဆောင်ရွက်မှုတစ်ရပ်ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၀-၅-၂၀၀၉ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၄၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၇း၅၅ ၆။ အကပြိုင်ပွဲ
၈း၀၅ ၇။ တေးဂီတအစီအစဉ်
၈း၁၅ ၈။ နားဝင်ပီယံ သူ့လက်သံ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ စေတနာပန်းများဖူးပွင့်ဝေစည် ငွေတောင်ပြည်

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁း၂၀ ၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၄၄)
၁၂း၂၅ ၄။ Golf Magazine(TV)
၁၂း၄၅ ၅။ မြန်မာရုပ်ရှင် **ချစ်ရေစင်** မောင်တင်မောင်၊မေရှင် (ဒါရိုက်တာ-မောင်တင်မောင်)
၁၄း၄၅ ၆။ International News

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ အတီးပြိုင်ပွဲ
၄း၂၅ ၄။ ရုပ်မြင်ရသ တေးစုကဏ္ဍ
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ) (ရက္ခဗေဒ)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၅း၁၅ ၈။ စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ
၅း၂၀ ၉။ ဆိုကြမယ် ပျော်ကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ ကာတွန်းအစီအစဉ် Pocket Dragon Adventure
၆း၅၅ ၁၃။ တစ်မျက်နှာ တစ်ကွက်စာ **သုံးတစ်** ချာလီ၊ ရွှင်ပျော်၊ ရာဇာပေါက်စီ၊ စိန်ပန်းသီး၊ ချစ်စနိုး (ဒါရိုက်တာ-ထင်ထင်း)
၇း၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သက်ထား**(အပိုင်း-၁၂)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆော မိသားစု စွန့်စားခန်း** (အပိုင်း-၆)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကျေးဇူးတင်ပါတယ်** (အပိုင်း-၉)

တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည်များအား ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည်

ရန်ကုန် မေ ၉

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၆၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ပွဲ၌ အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ၁၃၇၁ခုနှစ် ကဆုန်လပြည့်ကျော်၁၅ရက်၊ မေ၂၃ရက်(စနေနေ့) နံနက်၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ စာအောင်သာသနာ့အာဇာနည်အရှင်မြတ်များသည် မေ၂၂ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဉတ္တရကုရုကျောင်းဆောင်သို့ ကြွရောက်တော်မူပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်များ၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ ပင့်သံဃာများနှင့် ယခုနှစ်တွင် ပြန်ဆို/ရေးဖြေ အောင်မြင်တော်မူကြသော တိပိဋကဓရတစ်ပါး၊ မူလအဘိဓမ္မကောဝိဒတစ်ပါး၊ မူလအာဘိဓမ္မိက တစ်ပါး၊ ဒီဃနိကာယကောဝိဒ လေးပါး၊ ဒီဃဘာဏက တစ်ပါး၊ ဝိနယကောဝိဒ တစ်ပါး၊ ဝိနယဓရ ၂၅ပါး၊ ဉဘတောဝိဘင်္ဂ ကောဝိဒ ခုနစ်ပါး၊ ဉဘတောဝိဘင်္ဂဓရ ၄၉ပါး စုစုပေါင်းစာအောင်သံဃာ အပါး၉၀ အပါအဝင် ပင့်သံဃာ၂၅၇ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော် လှူဒါန်းမည်ဖြစ်ရာ လှူဖွယ်ဝတ္ထုပစ္စည်းများကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၆၅၁၅၇၂၊ စာမေးပွဲဌာနခွဲ ဖုန်း-၆၅၂၇၉၄၊ ၆၆၃၃၂၅၊ ၆၆၄၅၇၈ တို့သို့ ကြိုတင်ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

သက်ဆင်နှင့် မျက်မှောက်ခေတ် ထိုင်းနိုင်ငံရေးအလှည့်အပြောင်း စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၉

ပြည့်စုံနိုင်ငံရေးအတွေ့အကြုံ ဘာသာရပ်ဆိုင်ရာ စာအုပ်အဖြစ် ကိုကိုလှိုင်၏ သက်ဆင်နှင့် မျက်မှောက်ခေတ် ထိုင်းနိုင်ငံရေးအလှည့်အပြောင်းစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် အခန်းကိုးခန်းပါရှိပြီး အခန်း(၁) နောက်ခံအခြေအနေ၊ အခန်း(၂) မိသားစုနှင့် စီးပွားရေးလုပ်ငန်း၊ အခန်း(၃) နိုင်ငံရေးလှေကားထစ်အဆင့်ဆင့်၊ အခန်း(၄) သက်ဆင်၏ စီးပွားရေးမူဝါဒ(သို့) သက်ဆင်နိုမစ်၊ အခန်း(၅) လူ့အဖွဲ့အစည်းကို စီမံခန့်ခွဲခြင်း၊ အခန်း(၆) နိုင်ငံရေးပြန်လည်ပြုပြင်မှုများ၊ အခန်း(၇) အာဏာနှင့်အကျိုးအမြတ်၊အခန်း(၈) နိဂုံးနှင့် အခန်း(၉) နောက်ဆက်တွဲတို့ ပါဝင်သည်။

ယင်းစာအုပ်ကို ပြည့်စုံစာအုပ်တိုက် အမှတ်၄၃ မြေညီထပ်၄၅လမ်းဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့မှ ထုတ်ဝေဖြန့်ချိလိုက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ပန်းတောင်းမြို့နယ်ရှိ ဒေသခံပြည်သူများနှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တွေ့ဆုံ

နေပြည်တော် မေ ၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မေ၈ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စုပေါင်းခန်းမ၌ ကျင်းပသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အစီအစဉ်အရ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားသည်။

လက်ခံ

ထို့နောက် မဲဒီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်အတွက်အလှူငွေကျပ်သိန်း၂၀၀ကို အလှူရှင် အောင်ရီဖြိုးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးနေအောင်ကိုယ်စား တာဝန်ရှိသူတစ်ဦးက ပေးအပ်လှူဒါန်းပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီဝင်များ ဖြစ်ကြသော ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်း၊ ကျောင်းအုပ်ဆရာကြီး ဦးဘိုနီနှင့် ရပ်မိရပ်ဖ ဦးကျော်နိုင်တို့က လက်ခံကြသည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက မီးဘေးသင့် မကျီးငုတ်တိုကျေးရွာ ဒေသခံပြည်သူများအတွက် အလှူငွေကျပ် ၁၆သိန်းနှင့် အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် အဖွဲ့ဝင်များက လက်ခံကြပြီး ဒေသခံပြည်သူများကိုယ်စား ရပ်မိ ရပ်ဖတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာပေးဟောပြော

ဒေါပုံမြို့နယ် ပုသိမ်မြေရပ်ကွက်၌ မေ၂၉ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဆွေဝင်းက ဝမ်းလျှော၊ ဝမ်းပျက်ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း ပညာပေးဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် မေ ၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး တနင်္သာရီတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ မုံရွာမြို့၊ ညောင်ဦးမြို့နှင့် ချောက်မြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရေးမြို့တွင် ဝ.ဒသမ၉၉လက်မနှင့် ကော့သောင်းမြို့တွင် ဝ.ဒသမ၉၈လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မေ၁၀ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

● *ရှေ့ဖုံးမှ*

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းက ကချင်ပြည်နယ်၏ ဒေသဆိုင်ရာအချက်အလက်များနှင့် မိုးစပါး၊ နွေစပါး စိုက်ပျိုးရိတ်သိမ်းမှုအခြေအနေ၊ ဆီထွက်သီးနှံစိုက်ပျိုးထွက်ရှိမှု၊ လူတစ်ဦးချင်း တစ်နှစ် ပျမ်းမျှဝင်ငွေရရှိမှု၊ ကချင်ပြည်နယ်အတွင်း တည်ဆောက်ဆဲ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ကချင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေမှုအခြေအနေ၊ ကချင်ပြည်နယ်အတွင်း ဆက်သွယ်ရေးစနစ်နှင့် ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ လူငယ်လူရွယ်များအား အသိပညာရှင်၊ အတတ်ပညာရှင်၊ သိပ္ပံပညာရှင်များ ဖြစ်လာအောင် ဆောင်ရွက်ပေးမှု၊ နိုင်ငံတစ်ဝန်းလုံး၌ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရနည်းပညာ အထက်တန်း

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားမြို့ သာသနာ့ဗိမာန်တော်ကြီးတွင် မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီလဝံသ ထံ သင်္ကန်း၊ ဆွမ်းဆန်တော်နှင့် ဆီတို့ကို ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိ၊ မြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရာသီမရွေး

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ပူတာအို-မြစ်ကြီးနားလမ်းကို ရာသီမရွေးသွားလာနိုင်ရေးအတွက် လမ်းအထူးအဖွဲ့များ တာဝန်ပေးအပ်၍ ဆောင်ရွက်နေမှု၊ မြေသားလမ်းအဖြစ်မှ ကျောက်ချောလမ်းခင်းနေမှုနှင့် ကတ္တရာလမ်းခင်းနိုင်သည်အထိ စီစဉ်ဆောင်ရွက်နေမှုနှင့် မြစ်ကြီးနား-မိုးကောင်း-ရွှေဘိုလမ်းကို ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ မြစ်ကြီးနား လေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့မှု၊ လေဆိပ်အသွင်သဏ္ဍာန်နှင့် လေယာဉ်ပြေးလမ်းကောင်းမွန်ရေး ဆောင်ရွက်နေမှု၊ ကချင်ပြည်နယ်အတွင်း မြန်မာ့လေကြောင်းက လေယာဉ်များပျံသန်းပြေးဆွဲနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးရန် မိမိနှင့်အတူ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ လိုက်ပါလာခဲ့ကြောင်း။

မိမိတို့သည် ကချင်ပြည်နယ်ရှိ ခရိုင်လေးခုသို့ လှည့်လည်သွားရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုများကို စစ်ဆေးခဲ့ရာ ပူတာအိုခရိုင်သည် နိုင်ငံ၏ မြောက်ဘက်အစွန်ဘက်တွင်ရှိပြီး ခရီးလမ်းပန်းဆက်သွယ်မှုခက်ခဲသော ဒေသဖြစ်၍ နိုင်ငံတော်အစိုးရသည် နယ်မြေဒေသများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပူတာအိုခရိုင်ကိုလည်း အခြားခရိုင်များနည်းတူ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးခဲ့ကြောင်း။

သင်ကြားပေး

ပူတာအိုဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်းကို ဖွင့်လှစ်ပြီး အဆိုပါကျောင်းတွင် အင်ဂျင်နီယာ အခြေခံပညာတတ်မြောက်ရေး သင်ကြားပေးခြင်း၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးအိမ်တွင်းမှု အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပညာသင်ကျောင်းကို ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ကြောင်း။

ထို့အပြင် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာကို လုပ်ငန်းခွင်ကျွမ်းကျင်မှုနှင့် ဆက်စပ်သင်ယူလိုသည့် ကျောင်းသား ကျောင်းသူများအတွက်လည်း သက်ဆိုင်ရာနည်းပညာဘာသာရပ်အလိုက် သင်ယူမှုအခွင့်အလမ်း ပိုမိုရရှိစေရန် ပူတာအိုမြို့တွင် အစိုးရ နည်းပညာအထက်တန်းကျောင်းနှင့် စက်မှုလက်မှုသိပ္ပံတို့ကို ဖွင့်လှစ်ပေးခဲ့ကြောင်း။

တစ်ချိန်က နယ်ချဲ့၏သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားအချင်းချင်း သံသယစိတ်များဝင်ပြီး လက်နက်ကိုင် တိုက်ခိုက်ခဲ့ကြသည့်အတွက် ကချင်ပြည်နယ်သည် လုံခြုံမှုမရှိ ဖြစ်ခဲ့ရကြောင်း။

အမျိုးသားစည်းလုံးညီညွတ်ရေး

တပ်မတော်အစိုးရ တိုင်းပြည်တာဝန်ယူခဲ့ပြီးနောက် အမျိုးသားပြန်လည်ညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့၍ နယ်စပ်ဒေသများပင် လုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှုကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယင်းကဲ့သို့ တည်ငြိမ်အေးချမ်းမှု ရရှိလာသည်နှင့်အမျှ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို သားစဉ်မြေးဆက် ရာသက်ပန် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း။

ထိထိရောက်ရောက်

ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုဖြစ်သဖြင့် ကျေးလက်များ ဖွံ့ဖြိုးတိုးတက်မှသာ ပြည်နယ်လည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

ကချင်ပြည်နယ်သည် အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အနောက်မြောက်ဘက်တွင် အိန္ဒိယသမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသဖြင့် လုံခြုံရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ကုန်စည်ကူးသန်းမှုများတွင် အရေးပါသော ဒေသတစ်ခုဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်

ကချင်ပြည်နယ်သည် သဘာဝသယံဇာတများ ပေါကြွယ်ဝသော ဒေသဖြစ်၍ အဆိုပါသယံဇာတများကို ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ယူသုံးစွဲနိုင်ရန် လူ့စွမ်းအားအရင်းအမြစ်များရှိရန် လိုအပ်ကြောင်း။

နိုင်ငံတော်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးခဲ့ရာ ပြည်သူများအနေဖြင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး၊ ကျောင်းနေကလေးများ အတန်းပညာကုန်ဆုံးအောင် သင်ယူရေးကို တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ မိမိတို့ မျှော်မှန်းဆောင်ရွက်နေသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

ကွင်းဆင်းပညာပေး

အဆိုပါ လူ့စွမ်းအားအရင်းအမြစ်များကို ထူးချွန်ထက်မြက်သူများဖြစ်စေရန် ကြိုးပမ်းသကဲ့သို့ ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ရန်လိုကြောင်း၊ ပြည်သူများ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးကို နိုင်ငံတော်အစိုးရကမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာတွင် ကျန်းမာရေးဝန်ထမ်းများသည် ကျေးလက်များအထိ ကွင်းဆင်း၍ ပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်နည်းများ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် အမျိုးသားကျန်းမာရေး ရည်မှန်းချက်ကို အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ကချင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးကို လွှမ်းခြုံပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ချိန်တည်းမှာပင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ပြီး တစ်ခုပြီးတစ်ခု တစိုက်မတ်မတ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ အဝတ်အထည်များကို မြစ်ကြီးနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်အုပ်ထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရာ ယခုအခါ စတုတ္ထအဆင့်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူအများစုက အတည်ပြု ထောက်ခံပေးခဲ့ပြီးဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ပြည်သူများ အတည်ပြုပေးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်ရေးကို တာဝန်တစ်ရပ်အဖြစ်ခံယူပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကချင်ပြည်နယ်သည် ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်၍ လူမျိုးခွဲ၊ ဒေသခွဲ၊ ဝါဒခွဲမထားဘဲ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်ကို ခံယူပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ရေး တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဦးထမ်းပဲ့ထမ်း ပါဝင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အဝတ်အထည်များပေးအပ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က အဝတ်အထည်များကိုပေးအပ်ရာ မြစ်ကြီးနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်အုပ်က လက်ခံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက ရုပ်မြင်သံကြားဖမ်းစက်၊ စာအုပ်စာစောင်များ၊ လူမှုရေးအသင်းအဖွဲ့များအတွက် ဝတ်စုံများ၊ ဆေးဝါးပစ္စည်းများ၊ ဗလာစာအုပ်၊ ပုံနှိပ်စာအုပ်နှင့် အားကစားပစ္စည်းများကို ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကျယ်ကျယ်ပြန့်ပြန့်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဇီဝဘက်ထရီဖြင့် မီးထွန်းနိုင်မှုနှင့် ဇီဝဘက်ထရီပြုလုပ်နည်းတို့ကို တက်ရောက်လာကြသူများအား ရှင်းလင်းပြောကြားပြီး ကျေးလက်ဒေသ အိမ်တိုင်း၌ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်တင်နှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာဝန်၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး သိလိုသည်များကို မေးမြန်းကာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ သာသနာ့ဗိမာန်တော်ကြီးသို့ ရောက်ရှိကြပြီး နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော ဆရာတော်များအား ဖူးမြော်ကြည်ညိုကြသည်။

သီလခံယူဆောက်တည်

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီလဝံသထံမှ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော် ဘဒ္ဒန္တသီလဝံသထံ သင်္ကန်း၊ ဆွမ်းဆန်တော်နှင့် ဆီတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်နှင့် ဒုတိယဝန်ကြီးတို့က ဆရာတော်ကြီးများထံ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တသီလဝံသထံမှ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိကြပြီး အမှတ်တရ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ မြစ်ကြီးနားခရိုင်မှ မြို့မိမြို့ဖများနှင့် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံသည်။

စည်းရုံးဆောင်ရွက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ညီညီညွတ်ညွတ် ဦးထမ်းပဲ့ထမ်း ဆောင်ရွက်မှု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအပါအဝင် လူမှုရေးအသင်းအဖွဲ့များ၏ ကူညီပူးပေါင်းဆောင်ရွက်ခဲ့မှုတို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများသည် နယ်စပ်ဒေသများပါမကျန် သိသိသာသာ ဖွံ့ဖြိုးတိုးတက်မှု၊ နာဂစ်ဘေးအန္တရာယ် ကြုံတွေ့သည့်အခါတွင်လည်း လေဘေးသင့်သူများအား ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လျင်မြန်စွာ ထူထောင်ပေးနိုင်မှု၊ အမျိုးသားရေးတာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုလည်း အောင်မြင်စွာ အတည်ပြုနိုင်ခဲ့မှုတို့ကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ထောင်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရေး၊ မိမိတို့ နယ်မြေဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအားလုံး ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ် ရှင်သန်ခိုင်မာနေစေရေးကို စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး မြစ်ကြီးနားလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့မှုလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မြစ်ကြီးနားလေဆိပ် တည်နေရာ၊ မြစ်ကြီးနား လေယာဉ်ကွင်း နောက်ခံသမိုင်း၊ မြစ်ကြီးနားလေဆိပ် လေယာဉ်ပြေးလမ်းကို ပေ၆၀၀၀×၁၀၀ မှ ပေ၇၀၀၀×၁၀၀ ရရှိရန် တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

လေယာဉ်ပြေးလမ်း

ထို့နောက် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်နှင့် ကချင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ကျော်တို့က လေယာဉ်ပြေးလမ်း ကျောက်ကတ္တရာခင်းခြင်း၊ လေယာဉ်ပြေးလမ်း တိုးချဲ့ရာတွင် လိုအပ်သောမြေဧရိယာနှင့် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ပို့ဆောင်နှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက မြစ်ကြီးနားလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားလေဆိပ်မှ မြန်မာ့လေကြောင်းဖြင့် ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် မေ ၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး ဗဟိုပုံနှိပ်စက်ရုံစုဝေးခန်းမ၌ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း စာတည်းမှူးချုပ်နှင့် စာတည်းအဖွဲ့ဝင်များ၊ စာပေပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မှာကြား

အခမ်းအနားတွင် ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းသည်မိမိခြေထောက်ပေါ် မိမိ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ပြီး အနာဂတ်တွင် ရှင်သန်အောင်မြင်သော မဂ္ဂဇင်းတစ်စောင် ဖြစ်ရေး၊ အသွင်သဏ္ဍာန်နှင့် အနှစ်သာရ ပြည့်ဝပြီး အရည်အသွေးမြင့်မားအောင် အစဉ်သုံးသပ်ဖြည့်ဆည်း မြှင့်တင်ဆောင်ရွက်သွားရေး၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းဟူသော အမည်နှင့် ဂုဏ်အင်္ဂါ လိုက်ဖက်ညီအောင် ကောင်းမွန်သည့် အကြောင်းအရာများ၊ ဘာသာရပ်များ စုံလင်စွာ ပါဝင်စေရေးတို့အတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်ပြီး နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း စာတည်းမှူးချုပ် ဦးအုန်းမောင် (မြင်းမူ- မောင်နိုင်မိုး)က နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း စာတည်းမှူးချုပ် (မြင်းမူ-မောင်နိုင်မိုး)က ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း ဝန်ထမ်းများ သက်သာချောင်ချိရေး ရန်ပုံငွေအတွက် ငွေကျပ်သုံးသိန်းကို ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စား အထွေထွေမန်နေဂျာ ဦးရဲတင့်သို့လည်းကောင်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) အတွက် ရန်ပုံငွေ ကျပ်နှစ်သိန်းကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်) သို့လည်းကောင်း ပေးအပ်သည်။

အလှူငွေပေးအပ်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းအတွက် အလှူငွေကျပ် သိန်း ၃၀ ကို မြန်မာနိုင်ငံ ပုံနှိပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်စိုးတို့က ပေးအပ်ကြသည်။

ချီးမြှင့်

ယင်းနောက် ဝန်ကြီးက နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ပင်တိုင် စာရေးဆရာကြီးများဖြစ်ကြသော ဆင်ဖြူကျွန်း အောင်သိန်း၊ မြင့်သိန်းအောင်၊ စလင်းဘုန်းကျော်၊ ဇော်မင်းမင်းဦး၊ ဇော်မျိုးဟန်(ငါးသိုင်းချောင်း)၊ မျိုးခိုင် (မူဆယ်)၊ နိုင်မျိုးသစ္စာ (နမ္မတူ)၊ ကြူကြူသင်းနှင့် မလေးပိုတို့အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ပင်တိုင်စာရေးဆရာကြီးများကိုယ်စား ဇော်မျိုးဟန် (ငါးသိုင်းချောင်း) က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ပင်တိုင်စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပေးအပ်

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ကျေးလက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းအတွက် အလှူငွေကျပ် သိန်း ၃၀ကို မြန်မာနိုင်ငံ ပုံနှိပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်စိုးတို့က ပေးအပ်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၉ ခုနှစ် မေလအတွက်

(၁၀-၅-၂၀၀၉) ရက်နေ့

နှင့်

(၃၁-၅-၂၀၀၉) ရက်နေ့

● *ကျောဖုံးမှ*

ကြည့်ရှုလိုက်ရာမလှမ်းမကမ်း၌တရုတ်လှစံပြကျေးရွာဟု ရေးသားထားသည့် ဆိုင်းဘုတ်ကို မြင်တွေ့ရသဖြင့် စိတ်ဝင်စားသွားသည်။ အတူပါလာသော ဘားအံမြို့ ဒေသခံတစ်ဦးက ''အဲဒီ တရုတ်လှစံပြကျေးရွာမှာ မြစ်ရေတင် လုပ်ငန်းရှိတယ်'' ဟု ဆိုသဖြင့် သံလွင်တံတား (ဘားအံ)ပေါ်မှ ဆင်းကာ တရုတ်လှစံပြကျေးရွာသို့ သွားရောက်ခဲ့သည်။

လျှပ်စစ်မြစ်ရေတင်လုပ်ငန်း

ကျယ်ဝန်းသော ရွာလယ်လမ်းမ တစ်ဖက်တစ်ချက်တွင် နေအိမ်များ စီတန်းဆောက်လုပ်ထားသည်။ ကျန်းမာရေးဆေးခန်းနှင့် အခြေခံပညာအထက်တန်းကျောင်းကို ခိုင်ခံ့သပ်ရပ်စွာ တည်ဆောက်ထားသည်ကို တွေ့ရသည်။ ရွာအလယ်ပိုင်းမှ သံလွင်မြစ်ဘက် ဖြတ်ထွက်လိုက်သည့်အခါ တရုတ်လှ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို မြင်တွေ့လိုက်ရသည်။

ရေအရင်းအမြစ်

သံလွင်မြစ်အတွင်းမှ ရေများကို ရေပိုက်ကြီးလေးပိုက်ဖြင့် စုပ်ယူကာ ရေမြောင်းဖြင့် အနီးဝန်းကျင်မှ လယ်ယာမြေများကို စိုက်ပျိုးရေ ဖြန့်ဝေပေးနေခြင်း ဖြစ်သည်။ တရုတ်လှ လျှပ်စစ်မြစ်ရေတင် လုပ်ငန်းကို ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်ပေးခြင်းလည်း ဖြစ်သည်။

သံလွင်မြစ်အတွင်းမှ ပိုက်ကြီးလေးလုံးဖြင့် ရေတင်ရာတွင် ၃၇ကီလိုဝပ် မော်တာလေးလုံးဖြင့် တစ်ပြိုင်တည်း မောင်းနှင်ကာ ပင်မမြောင်းအတွင်း ရေတင်ပို့ခြင်းဖြစ်ရာ သံလွင်မြစ် ရေမျက်နှာပြင်မှ အထက် ၂၆ပေအမြင့်အထိ ရေစုပ်တင်ကာ စိုက်ပျိုးရေ ဖြန့်ဝေပေးခြင်းဖြစ်သည်။

စပါးခင်းများ

ဤမြစ်ရေတင် လုပ်ငန်းကြောင့် ကျေးရွာသားများ စိုက်ပျိုးရေးအတွက် ရေပြတ်လပ်မှု စိုးရိမ်စရာ မရှိတော့ချေ။ ထို့ကြောင့်ဖြစ်မည်၊ တရုတ်လှကျေးရွာဝန်းကျင်တွင် နွေရာသီ၌ပင် စိမ်းစိုသော စိုက်ခင်းများကို တစ်မျှော်တစ်ခေါ်မြင်တွေ့ရသည်။ အောင်မြင်ဖွံ့ဖြိုးနေသော စပါးခင်းများနှင့် ပြောင်းစိုက်ခင်းများတွင် လုပ်ငန်းခွင်ဝင်နေသူများကို မြင်တွေ့ရသည်။

စတင်ဆောင်ရွက်

တရုတ်လှ လျှပ်စစ်မြစ်ရေတင် လုပ်ငန်းကို ၂၀၀၁ခုနှစ် အောက်တိုဘာ ၁ရက်၌ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၂ခုနှစ် မတ်၃၁ရက်တွင် လုပ်ငန်းများ ပြီးစီးကာ စိုက်ပျိုးရေ ဖြန့်ဝေရေးလုပ်ငန်းကို စတင်နိုင်ခဲ့ခြင်းဖြစ်သည်။

စိုက်ပျိုးရေဖြန့်ဝေ

တရုတ်လှ လျှပ်စစ်မြစ်ရေတင် လုပ်ငန်းတွင် ပင်မမြောင်းအရှည်မှာ ပေ ၆၇၀၀ရှိပြီး မြောင်းခွဲအရှည်မှာ ပေ ၁၄၀၅၀ ရှိသည်။ လက်တံမြောင်းအရှည်မှာ ပေ ၁၀၉၃၀ ရှိသဖြင့် အကျိုးပြု စိုက်ဧက ၁၅၀၀ကျော်ကို စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်လျက်ရှိသည်။

သံလွင်မြစ်မှ ရေကို ဤသို့ ပိုက်လုံးကြီးလေးလုံးဖြင့် စုပ်တင်ရသည်။ (မြန်မာ့အလင်း)

မိမိတို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိချိန်တွင် မြစ်ရေတင်ခြင်းကို ဆောင်ရွက်လျက်ရှိရာ အချင်းတစ်ပေခွဲခန့်ရှိသော ရေပိုက်ကြီးလေးပိုက်မှ ရေများ ဒလဟော ထွက်ကျနေမှု၊ ပင်မတူးမြောင်းမှ ရေများ အရှိန်အဟုန်ဖြင့် စီးဆင်းသွားမှုများကို မြင်တွေ့ရသည်။

ပူပင်စရာမလို

ပင်မမြောင်းကို ရေပြည့်ရေလျှံ မောင်းသွင်းနိုင်သော ရေအားကြောင့် တရုတ်လှစံပြကျေးရွာတွင်သာမက အနီးဝန်းကျင်မှ ကျေးရွာများ၌လည်း စိုက်ပျိုးရေအတွက် ပူပင်စရာမလိုတော့ကြောင်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ တရုတ်လှစံပြကျေးရွာ အပြင်ဘက်သို့ ထွက်ခဲ့ကြသည်။ နွေစပါးခင်းများ၊ စိမ်းစိုနေသော အရွက်ဖားဖားဖြင့် ပြောင်းခင်းများကို တစ်မျှော်တစ်ခေါ် မြင်တွေ့ရသည်။

အောင်မြင်ဖြစ်ထွန်း

တရုတ်လှ လျှပ်စစ်မြစ်ရေတင် လုပ်ငန်းမှ ရရှိသောရေကြောင့် ဒေသခံတောင်သူများလည်း နွေစပါး၊ မိုးစပါးနှင့် ရာသီအလိုက် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ နေ့စဉ် ဝင်ငွေလည်း ရရှိကြောင်း ကျေးရွာသားတို့က ပြောပြသည်။

ဖွဲ့ကပင်တောင်

တရုတ်လှစံပြကျေးရွာတွင် အနီးဝန်းကျင်တစ်ဝိုက် ဧကပေါင်း ၁၅၀၀ကို နွေ၊ မိုးစပါးများနှင့် ရာသီအလိုက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းစေရန်အပြင် ဘားအံမြို့အလှကို ခြယ်မှုန်းလိုက်သကဲ့သို့ဖြစ်နေသည့် တရုတ်လှလျှပ်စစ်မြစ်ရေတင် လုပ်ငန်းကား ဖွဲ့ကပင်တောင်နှင့် လှပနေသော ကရင်ပြည်နယ် ဘားအံမြို့အလှကို ပိုမိုအသက်ဝင်စေရန် ထပ်မံခြယ်သပေးသကဲ့သို့ ဖြစ်နေပါကြောင်း။ ။

(မြန်မာ့အလင်း)

တရုတ်လှ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ရေကို သောက်သုံးရသဖြင့် အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးစိုက်ခင်းများကလည်း ဤသို့ တစ်မျှော်တစ်ခေါ် ....။ (မြန်မာ့အလင်း)

တရုတ်လှ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ သံလွင်မြစ်အတွင်းမှ ရေများကို လက်ခံသွယ်ယူပေးသည့် ပင်မမြောင်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

တရုတ်လှလျှပ်စစ်မြစ်ရေတင် လုပ်ငန်းတွင် ပင်မမြောင်းအရှည်မှာ ပေ၆၇၀၀ ရှိပြီး မြောင်းခွဲအရှည်မှာ ပေ ၁၄၀၅၀ ရှိ၊ လက်တံမြောင်း အရှည်မှာ ပေ ၁၀၉၃၀ ရှိသဖြင့် အကျိုးပြုစိုက်ဧက ၁၅၀၀ ကျော်ကို စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်လျက်ရှိ။

ရတနာပုံ မန္တလေးမြို့တည် နန်းတည် နှစ်(၁၅၀)ပြည့်အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ ရန်ကုန်မြို့ ရတနာပုံခန်းမ၌ကျင်းပ

ရန်ကုန် မေ ၉

မန္တလေးအသင်း(ရန်ကုန်)ကကြီးမှူး၍ ရတနာပုံ မန္တလေးမြို့တည် နန်းတည် နှစ်(၁၅၀)ပြည့် ပျော်ပွဲရွှင်ပွဲအခမ်းအနားကို မေ ၈ရက် (ကဆုန်လပြည့်နေ့) နံနက် ၉နာရီမှစတင်၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ် ၆၂၈/၆၃၂ ကုန်သည်လမ်း လမ်း ၃၀ထောင့်(ပထမထပ်)ရှိ မန္တလေးအသင်းတိုက် ရတနာပုံအနုပညာခန်းမဆောင်ကြီးတွင် ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ မန္တလေးအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဦးကျော်စံနှင့် ဘဏ္ဍာရေးမှူး ဒေါ်ခင်အေးမူတို့က ရတနာပုံ မန္တလေးမြို့တည် နန်းတည် နှစ်(၁၅၀)ပြည့်အထိမ်းအမှတ်ပွဲတော် မန္တလေးမြို့တော်ကြီး အဓွန့်ရှည်ပါစေဟူသောစာတန်းကို ဖြန့်ချိတ်ဆွဲပေးပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

အလှူတော်ငွေ

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးမြသောင်းက အဖွင့်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင် နာယကဗိုလ်မှူးကြီးဝေလင်း(ငြိမ်း)က မန္တလေးမြို့တည် နန်းတည် နှစ်(၁၅၀)ပြည့်အထိမ်းအမှတ်အဖြစ် မန္တလေးမြို့ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးအတွက် အလှူတော်ငွေကျပ် ငါးသိန်းပေးအပ်သည်။ **(အောက်ပုံ)**

မန္တလေးအသင်း(ရန်ကုန်)အနေဖြင့် မန္တလေးမြို့တည် နန်းတည် နှစ်(၁၅၀)ပြည့် မဂ္ဂဇင်းစာအုပ်ကို မေလအလယ်တွင် ထုတ်ဝေသွားမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

သာကေတမြို့နယ် မီးသတ်စခန်းသစ်နှင့် နေအိမ်လိုင်းခန်း အသစ်ဆောက်လုပ်ခြင်း ပန္နက်တင် အခမ်းအနားကျင်းပ

ရန်ကုန် မေ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း သာကေတမြို့နယ် မီးသတ်စခန်း သံကူကွန်ကရစ်(၅)ယူနစ်နှစ်ထပ်နှင့် ခြောက်ခန်းတွဲနေအိမ် လိုင်းခန်းအသစ်ဆောက်လုပ်ခြင်း ပန္နက်တင်အခမ်းအနားသို့ တက်ရောက်၍ ပန္နက်တင်ပေးသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးအား မီးသတ်စခန်းနှင့် နေအိမ်လိုင်းခန်း တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ အင်ဂျင်နီယာဦးဘန်သိန်းက ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ခြောက်ခန်းတွဲ

အဆိုပါ သာကေတမြို့နယ် မီးသတ်စခန်းသည် သံကူကွန်ကရစ်(၅) ယူနစ်နှစ်ထပ် မီးသတ်စခန်းနှင့် ခြောက်ခန်းတွဲနေအိမ် လိုင်းခန်းအသစ်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၉

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန်ပထမဆင့်)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဖတ်ကြားတင်ပြ

ထို့နောက် အသင်းအတွင်းရေးမှူး ဒေါ်လှဝတီက ၂၀၀၈-၂၀၀၉ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူပြီး အသင်း၏ ဘဏ္ဍာရေးအကြံပေးပုဂ္ဂိုလ် ဒေါ်ခင်ဌေးယုက ၂၀၀၈-၂၀၀၉ခုနှစ် နှစ်ချုပ်စာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။ ယင်းနောက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း တည်ထောင်သူ အကြံပေးပုဂ္ဂိုလ် အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်က အမှာစကားပြောကြားသည်။

ကျေးဇူးတင်စကား

ထို့နောက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ နာယက အကြံပေးပုဂ္ဂိုလ် အတိုင်ပင်ခံ ပညာရှင်များထဲမှ အသက်(၇၀)အထက် ပုဂ္ဂိုလ်များအား အသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန်ပထမဆင့်) နှင့်အဖွဲ့က ဂါရဝပြုငွေများကို ပေးအပ်ကြပြီး အသင်းဒုတိယဥက္ကဋ္ဌဒေါ်နုနုရီက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးတွင် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းဝင် လုပ်ငန်းရှင်များက မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသရောင်းချကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

သုံးခွမြို့နယ်၌ စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်လှစ်

ရန်ကုန် မေ ၉

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ရဲနွံ့ကျေးရွာပညာပါရမီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၈ရက်ကကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်၊ အလှူရှင်ဒေါက်တာမြင့်သိန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုးဟန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ **(အောက်ဝဲပုံ)**

လှူဒါန်း

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ဘိုင်အိုဘက် ထရီတစ်လုံး၊ သုံးခွမြို့ ၁၁ရပ်ကွက်မှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်စိုး-ဒေါ်ခင်ဆွေဝင်းမိသားစုက စာအုပ်မျိုးစုံ ၉၅အုပ်၊ ဦးနေအေး ခနမိတ္တူက စာအုပ်မျိုးစုံ ၅၀၊ ဦးပါစိန်-ဒေါ်သန်းမိသားစုက စာအုပ်မျိုးစုံ ၁၇၅အုပ်လှူဒါန်းကြသည်။

ဆွေးနွေး

ယင်းနောက် မြေအလှူရှင် ဦးအောင်မြိုင်-ဒေါ်သန်းရီမိသားစု၊ သစ်အလှူရှင် ဦးမောင်မျှင်-ဒေါ်စောရီမိသားစု၊ အမိုးသွပ်နှင့် ပရိဘောဂအလှူရှင် ဦးစောလှိုင်-ဒေါ်ခင်ညိုသင်း(လှကမ္ဘာပရိဘောဂ)မိသားစုတို့အား တာဝန်ရှိသူများက ဂုဏ်ပြုလွှာများ ချီးမြှင့်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ရွှေက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

လီဗာပူးတို့မန်ယူကို ဆက်ဖိအားပေး အဲဗာတန်နှင့်စပါးတို့ ဂိုးမရှိသရေပွဲဖြစ်

အားကစားသတင်းမှတ်စု - မောင်ချစ်ကြည်

လန်ဒန် မေ ၉

ပရီမီယာလိဂ်ပွဲစဉ် (၃၆)ကိုမေ ၉ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဘလက်ဘန်းနှင့် ပို့စ်မောက်တို့ပွဲတွင် ဘလက်ဘန်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး အဲဗာတန်နှင့်စပါးတို့ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့သည်။

ဘလက်ဘန်းနှင့်ပို့စ်မောက်

ရသင့်သည့်အခွင့်အရေးကို အပိုင်အသုံးချနိုင်ခဲ့၍သာ ဘလက်ဘန်းတို့ အနိုင်ရရှိ ခဲ့ခြင်းဖြစ်သည်။ ဘလက်ဘန်းတို့က ဂိုးသွင်းခွင့် (၁၂)ကြိမ်ရရှိပြီး အပိုင်ကန်သွင်းခွင့် သုံးကြိမ်ရရှိခဲ့ရာမှ နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။ တိုက်စစ်မှူး ပီတာခရော့ချ် ဦးဆောင်သော

ပရီမီယာလိဂ်ပွဲစဉ် (၃၆)အဖြစ် ဝက်စ်ဟမ်းနှင့်လီဗာပူးတို့ပွဲတွင် တောရက်စ်ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ဂျရတ် (ယာ) ဦးသို့သွင်းယူခဲ့သည်။

ပို့စ်မောက်တိုက်စစ်မှူးများက အပိုင်ကန်သွင်းမှု တစ်ကြိမ်သာရရှိခဲ့သည်။ ဘလက်ဘန်းအတွက် အဖွင့်ဂိုးကို ၃၁မိနစ်၌ တောင်ပံကစားသမား ပီဒါဆင်က ထောင့်ကျဉ်းထဲသို့ ခက်ခဲစွာ ကန်သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်း၌လည်း ဘလက်ဘန်းတို့ ဖိကစားနိုင်ခဲ့ရာ ၅၈မိနစ်၌ တိုက်စစ်မှူး မက်ကာသေးက ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ပို့စ်မောက်တို့က ဒုတိယပိုင်းပွဲချိန်အတွင်း ဖိကစားခဲ့သော်လည်း ၈၇မိနစ်၌ ဘလက်ဘန်းတို့ ပယ်နယ်တီရရှိခဲ့ရာ အူတာကာကန်သွင်းမှု လွဲချော်ခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ ပို့စ်မောက်တို့ ချေပဂိုးမသွင်းနိုင်သဖြင့် နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အဲဗာတန်နှင့်စပါး

အိမ်ကွင်း၌ အဲဗာတန်တို့အပေါ်စီးမှ ကစားနိုင်ခဲ့သည်။ ရော်ဘီကိန်း ဦးဆောင်သော စပါးတိုက်စစ်မှူးများက တိုက်စစ်ဆင်ကစားမှု၌ အပိုင်ကန်သွင်းခွင့် အခွင့်အရေးမရရှိခဲ့ချေ။ အဲဗာတန်တို့က စပါးနောက်တန်းကို ကျော်ဖြတ်နိုင်သော်လည်း ဂိုးသွင်းမသေချာမှုကြောင့် တစ်ဂိုးမျှမရရှိခဲ့ခြင်းပင်ဖြစ်သည်။

စပါးတိုက်စစ်မှူးများဖြစ်သည့် ရော်ဘီကိန်း၊ ဒီဖိုးတို့လည်း ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် ဂိုးမရှိ သရေရလဒ်ကို လက်ခံခဲ့ရခြင်းဖြစ်သည်။ ။

ဘလက်ဘန်းနှင့် ပို့စ်မောက်တို့ပွဲတွင် ဘလက်ဘန်းမှ ဆမ်ဘာ (လယ်) ဦးသို့ ထိုးဖောက်ခဲ့သည်။

ပရီမီယာလိဂ်အခြားပွဲရလဒ်များ

ဝက်စ်ဟမ်း	၀ - ၃	လီဗာပူး
ဘော်လ်တန်	၀ - ၀	ဆန်းဒါးလန်း
ဖူလ်ဟမ်	၃ - ၁	ဗီလာ
ဟူးလ်စီးတီး	၁ - ၂	စတုတ်
ဝက်စ်ဘရွန်း	၃ - ၁	ဝီဂန်

ဘွန်ဒတ်စ်လီဂါရလဒ်များ

ဒေါ့မွန်	၄ - ၀	ကာလ်ရူဟီ
ကော့ဘတ်စ်	၁ - ၃	ဘိုင်ယန်မြူးနစ်
ဟန်နိုဗာ	၁ - ၁	ဖရန့်ဖွတ်
ဟာသာဘီအက်စ်စီ	၂ - ၀	ဘိုချန်
စတုဂတ်	၄ - ၁	ဝေါဘတ်

(အင်တာနက်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား ကိုရီးယားဧည့်သည်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၉

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကိုရီးယားသမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံအုပ်ချုပ်ရေးဌာန အုပ်ချုပ်ရေးအရာရှိ Dr.Kim Jae Soo နှင့် အဖွဲ့သည် မေ ၇ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့လာရောက်တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် စိုက်ပျိုးရေးသိပ္ပံပညာရပ်နှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

လက်ညှိုးပေါင်းတစ်ထောင်၊ မျက်လုံးပေါင်းတစ်သိန်းအောက်က အမှား/အမှန်များ

ထွန်းထွန်းဦး(လှိုင်)စုစည်းတင်ပြသည်

ရန်ကုန် မေ ၉

ကျင်းပပြီးစီးသွားတဲ့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်မှာ ဒိုင်လူကြီးတွေရဲ့ အငြင်းပွားဖွယ်ရာ ဆုံးဖြတ်ချက်တွေကြောင့် သက်ဆိုင်ရာကလပ်အသင်းတွေနဲ့ နှစ်ဖက်ပရိသတ်တွေအတွက် ဘဝင်မကျမှုတွေရှိခဲ့တယ်လို့သိရတယ်။ အထူးသဖြင့် မေ ၆ရက်က အာဆင်နယ်-မန်ယူပွဲမှာ ကိုင်တွယ်ခဲ့တဲ့ အီတလီဒိုင်လူကြီး ရိုဆက်တီထက် မေ ၇ရက်က ချယ်လ်ဆီး-ဘာစီလိုနာပွဲကို ကြီးကြပ်တာဝန်ယူခဲ့သူ နော်ဝေဒိုင်လူကြီး အိုဘရီဘိုရဲ့ ဆုံးဖြတ်အမှားအယွင်းတွေရှိခဲ့မှုဟာ လက်ရှိမှာ အတော်လေး ပရိသတ်ကြားမှာ ဂယက်ထနေခဲ့တယ်။ ပြီးတော့ အိုဘရီဘိုကိုယ်တိုင်လည်း အသက်ကိုရန်ရှာမယ့်အရေးနဲ့ပါ တွေ့ကြုံရတယ်လို့ သိရတယ်။

အနေအထား

အိုဘရီဘိုဟာ ချယ်လ်ဆီးနဲ့ဘာစီလိုနာပွဲမှာ ချယ်လ်ဆီးအတွက် ရသင့်တဲ့လက်ထိဘော ပယ်နယ်တီပြစ်ဒဏ်တွေကို မပေးခဲ့တဲ့အတွက်ကြောင့်ဖြစ်တယ်။ ပီကေးရဲ့ ပယ်နယ်တီဧရိယာထဲကလက်ထိဘောဟာ ချယ်လ်ဆီးတို့ရသင့်တဲ့ ပယ်နယ်တီကန်ခွင့်အနေအထားတစ်ရပ်ပါ။ နောက်ပြီး ပွဲပြီးကာနီးမှာ ကီတာရဲ့လက်ထိဘောကိုလည်း ဒိုင်လူကြီးက ပယ်နယ်တီမပေးခဲ့ဘူး၊ ဒါကြောင့် ချယ်လ်ဆီးဟာ ဘာစီလိုနာနဲ့ ၁-၁ သရေကျပြီး ဆီမီးဖိုင်နယ်ကနေ ထွက်ခွာလိုက်ရတဲ့အတွက် ပိုပေါက်ကွဲပြီး ဒိုင်လူကြီး အိုဘရီဘို အပြစ်တွေပုံချတော့တာပါပဲ။ ဒရော့ဘာဆိုရင် ဒိုင်လူကြီးကို အဝတ်လဲခန်းထဲရောက်တဲ့အထိ လမ်းတစ်လျှောက်လုံး ပြစ်တင်ဝေဖန်နေခဲ့တာကို တွေ့ရမှာဖြစ်သလို ချယ်လ်ဆီးအသင်းခေါင်းဆောင် တယ်ရီ၊ ဘောလက်နဲ့ ဘိုစင်ဝါတို့ရဲ့ ဒိုင်လူကြီးကို ပြင်းပြင်းထန်ထန် စောဒကတက်နေတာလည်း မြင်ရပါလိမ့်မယ်။ ချယ်လ်ဆီးပရိသတ်တွေကလည်း ဒိုင်လူကြီးကိုမကျေနပ်လို့ ဝိုင်းဝန်းဆူပူနေလို့ သက်ဆိုင်ရာက ဒိုင်ဖြစ်သူကို တိတ်တဆိတ်ခေါ်ထုတ်ပြီး လေဆိပ်ကနေ နော်ဝေပြန်ပို့ပေးလိုက်ရပါတယ်။ နောက်တော့ သတင်းတွေမှာ မီဒီယာတွေက ဒိုင်လူကြီးရဲ့ မှားယွင်းမှုတွေကို တောက်လျှောက် ထောက်ပြလာတယ်။ အင်တာနက်ပေါ်က သတင်းတွေမှာလည်း ဒိုင်လူကြီးကို ဝေဖန်သံတွေနဲ့ ပြည့်နှက်နေတယ်။

ပယ်နယ်တီ

အထက်ပါကိစ္စနဲ့ပတ်သက်ပြီးတော့ ချယ်လ်ဆီးနည်းပြ ဟစ်ဒင့်က 'ပီကေးနဲ့ ကီတာတို့ရဲ့ လက်ထိဘောတွေအပေါ်မှာ ဒိုင်လူကြီးရဲ့ ဆုံးဖြတ်ချက်ချမှုဟာ မတရားဘူး၊ ဒရော့ဘာကို ပယ်နယ်တီဧရိယာထဲမှာ ဆွဲလှဲချတာတွေအပြင် တခြားကိစ္စတွေလည်းရှိပါသေးတယ်။ တကယ်ဆိုရင် ဒါဟာ ကျွန်တော်တို့တွေအတွက် ရသင့်ရထိုက်တဲ့ ပယ်နယ်တီတွေပါ၊ ဒိုင်လူကြီးက ပယ်နယ်တီမပေးခဲ့ဘူး၊ ဒါကြောင့် ပွဲပြီးတာနဲ့ ဒရော့ဘာတို့ ဒေါသူပုန်ထခဲ့တာပေါ့၊ သူတို့တွေအပေါ်မှာ ကျွန်တော်နားလည်ပါတယ်၊ မမျှတတဲ့ဆုံးဖြတ်ချက်တွေအတွက် သူတို့တွေရဲ့ စိတ်လှုပ်ရှားခဲ့ရတဲ့ ခံစားမှုမျိုးဟာ ထိန်းသိမ်းလို့မရတာတ်ပါဘူး။ ဘာစီလိုနာရဲ့အောင်မြင်မှုအတွက်တော့ ဝမ်းသာပါတယ်'လို့ ပြောသွားခဲ့ပါတယ်။ ဒါပေမယ့် ဘိုစင်ဝါနဲ့ တယ်ရီတို့ကတော့ မဖြစ်သင့်တာတွေ ဖြစ်လာရတာ စိတ်ပျက်မိကြသလို ဒိုင်လူကြီးရဲ့ အရည်အသွေး မပြည့်ဝမှုကိုလည်း အံ့သြမိတယ်လို့ ပြောခဲ့ကြပါတယ်။ ဒရော့ဘာကတော့ နော်ဝေဒိုင်ကို ဒေါသပေါက်ကွဲပြီး ဆဲရေးတိုင်းထွာမိခဲ့သလို ကြမ်းတမ်းတဲ့ အပြုအမူတွေနဲ့ ဆက်ဆံမိလို့လည်း အများအမြင်မှာ သိက္ခာကျစရာဖြစ်ခဲ့ရတယ်၊ အဲဒီအတွက် နောက်ပိုင်းမှာ ဒရော့ဘာက အိုဘရီဘိုကို ပြန်တောင်းပန်ခဲ့ပါတယ်။

ဒဏ်ရိုက်ဖို့

ဒါပေမယ့် ယူအီးအက်ဖ်အေကတော့ ဒိုင်လူကြီးအပေါ်မှာ ရိုသေလေးစားမှုမရှိခဲ့တဲ့ ချယ်လ်ဆီးအသင်းသားတွေကို ဒဏ်ရိုက်ဖို့ လုပ်နေတယ်။ ပြီးတော့ ယူအီးအက်ဖ်အေရဲ့အထွေထွေအတွင်းရေးမှူး ဒေးဗစ်တေလာက ဝေဖန်မှုတွေအပေါ်မှာ ပြန်ပြီး ရှင်းချက်ထုတ်သွားတယ်။ အင်္ဂလန်မီဒီယာတွေရဲ့ လိုရာဆွဲတွေးပြီး ထင်မြင်ချက်တွေ ပေးတဲ့အထဲမှာ အင်္ဂလန်ကလပ်နှစ်သင်း ဖိုင်နယ်ပွဲမရောက်ဖို့အတွက် အားလုံးပူးပေါင်းကြံစည်ကြတဲ့ စနက်ဖြစ်တယ်လို့ အပြင်မှာ ပွထနေခဲ့သလို ယူအီးအက်ဖ်အေဥက္ကဋ္ဌ ပလာတီနီကလည်း အင်္ဂလန်ကလပ်တွေ အောင်မြင်နေတဲ့အပေါ်မှာ ကျေနပ်မှုမရှိသူရယ်လို့ အစောပိုင်းက သတင်းသဲ့သဲ့ထွက်နေခဲ့ပြီးသားဖြစ်လို့ အခုအခါမှာ ချယ်လ်ဆီးနဲ့ ဘာစီလိုနာပွဲက ဒိုင်ဆုံးဖြတ်ချက်အမှားပါလာတဲ့အခါ မီဒီယာတွေအတွင်ဖွဖို့ လမ်းစဟာ ခိုင်မာလာခဲ့တာဖြစ်တယ်။

ဘာစီလိုနာနှင့် ချယ်လ်ဆီးတို့ စတန်းဖို့ဒ်ဘရစ်ဂျ်၌ ယှဉ်ပြိုင်ကစားသည့် ချန်ပီယံလိဂ် ဒုတိယအကြိုဗိုလ်လုပွဲ ဒုတိယအကျော့တွင် ကွင်းလယ်ဒိုင်လူကြီး တွမ်ဟီနင်အိုဘရီဘိုအား ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာက ဤသို့ အော်ဟစ်ကန့်ကွက်ခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဒါကို ဒေးဗစ်တေလာက ပြန်ရှင်းရတာဖြစ်ပါတယ်၊ တေလာက 'ပူးပေါင်းပြီး အင်္ဂလန်ကလပ်တွေအပေါ် နှိပ်ကွပ်တယ်ဆိုတာကတော့ လွန်လွန်းတာပါဗျာ၊ အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်တွေက တာဝန်ရှိသူတွေအပေါ် ထိခိုက်နစ်နာမှုတွေ ရှိလာပါတယ်၊ ကျွန်တော်တို့ဟာတရားမျှတစွာနဲ့ ပြိုင်ပွဲရဲ့ အရှုံးအနိုင်ကို ဆုံးဖြတ်တာပါ၊ မသမာတဲ့နည်းနဲ့ လုပ်ဖို့ဆိုတာ ဘာမှမရှိပါဘူး'လို့ ပြောပါတယ်။

အနာဂတ်

ချယ်လ်ဆီးနဲ့ပွဲမှာ အမှားအယွင်းတွေ လုပ်ခဲ့တယ်လို့ ဝေဖန်ခံရတဲ့ နော်ဝေဒိုင်လူကြီး အိုဘရီဘိုကတော့ အခုအခါမှာ နော်ဝေပြန်ရောက်နေပြီး သူ့ရဲ့ရှေ့အနာဂတ်ကို စဉ်းစားနေရပါပြီ။ ဒိုင်လူကြီးမလုပ်ဖို့လည်း ဆုံးဖြတ်ချက်ချတော့မယ်လို့ ဆိုထားတယ်။ ဖိအားများလွန်းတဲ့ဒဏ်ကို မခံနိုင်တော့တဲ့အတွက် အခုလိုမျိုး အနားယူဖို့ ဆုံးဖြတ်တာဖြစ်တယ်လို့လဲ ဆိုပါတယ်။ အများတချို့လုပ်တယ်ဆိုတဲ့ လက်ညှိုးထိုးချက်တွေကြောင့် အခုအခါမှာ စိတ်ဖိစီးမှုဒဏ်ခံနေရပြီး အော်စလိုမြို့မှာနေတဲ့ ၃၈နှစ်အရွယ်ရှိ ဒိုင်လူကြီးတဖြစ်လဲ စိတ်ပညာရှင်တစ်ဦးဖြစ်တဲ့ အိုဘရီဘိုမှာ မိသားစုကိုပါ ထိခိုက်လာမှာ စိုးရိမ်နေတယ်။

ရပ်တည်

သူဟာ ချန်ပီယံလိဂ်ပွဲတွေမှာ ဒိုင်လုပ်တာကြာပါပြီ။ ပွဲနှစ်ဆယ်ကျော်လောက် ကိုင်တွယ်ခဲ့တဲ့ အိုဘရီဘိုဟာ နော်ဝေမှာ အကောင်းဆုံးဒိုင်လူကြီးတစ်ယောက်ဖြစ်တယ်။ နော်ဝေရဲ့ တစ်နှစ်တာအကောင်းဆုံးဒိုင်လူကြီးအဖြစ် (၅)ကြိမ်တိုင် ရွေးချယ်ခံရတဲ့ သူလည်းဖြစ်တယ်။ အများက အိုဘရီဘိုရဲ့လုပ်ရပ်ဟာ မှားကြောင်းကို နည်းပေါင်းစုံနဲ့ အဖြေထုတ်ပြီး ဝေဖန်ကြပေမယ့် နော်ဝေဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ပက်ဒါဆန်ကတော့ 'အိုဘရီဘိုရဲ့လုပ်ရပ်မှန်တယ်။ ဖြစ်သင့်ဖြစ်ထိုက်တာကို လုပ်ခဲ့တာပါ။ သူ့ဘက်ကနေ ကျွန်တော်ရပ်တည်ပါတယ်'လို့ပြောတာ ရှားရှားပါးပါး ကြားလိုက်ရပါတယ်။

မိသားစုအရေး

ဒါပေမယ့် သက်ဆိုင်သူ အိုဘရီဘိုကတော့ 'ကျွန်တော် စဉ်းစားရပါတော့မယ်။ အသက်ကိုပါ ရန်ရှာလာတော့မယ့် အနေအထားက ရှိလာပြီဆိုရင် အရာရာကို ကျွန်တော်ဆုံးဖြတ်ချက်တွေချပြီး ပြောင်းလဲသင့်တာတွေကို ပြောင်းလဲရတော့မှာပါ။ မိသားစုအရေးထက် ဘာမှအရေးမကြီးပါဘူး'လို့ ဆိုခဲ့သလို အသက် သုံးနှစ်အရွယ်ရှိနေပြီဖြစ်တဲ့ သားလေး ဆီဗက်ရှန်နဲ့ ပတ်သက်ပြီး အိုဘရီဘိုဟာ 'သားရဲ့ရှေ့ရေးကို မထိခိုက်ဖို့လည်း လုပ်ရမှာပါ။ မတော်လို့ သူကျောင်းသွားတဲ့အခါ မင်းအဖေက ချယ်လ်ဆီးနဲ့ပွဲကိုင်တွယ်ခဲ့တဲ့ ဒိုင်လူကြီးလားဆိုပြီး ရန်ရှာစနောက်ကြရင်မခက်ဘူးလား၊ အဲဒီပြဿနာကလည်း ရှိပါသေးတယ်။ ဒါတွေကြောင့် ဒိုင်လူကြီးအလုပ်ကို နားသင့်ရင် နားရပါလိမ့်မယ်'လို့ ဘိုဘရီဘိုက ဖွင့်ဟသွားခဲ့ပါတယ်။

အမှန်/အမှား

တကယ်တော့ လူဆိုတာ အမှားမကင်းကြတာပဲ။ တစ်ခါတစ်ရံတော့ မှားနေပေမယ့်လည်း မှန်တယ်ထင်လို့ လုပ်ပြီးခဲ့ကာမှ မှားနေမှန်းသိရတာမျိုး ရှိနေတတ်သလို မှန်နေပေမယ့် မှားနေတယ်လို့ ဆုံးဖြတ်ချက်ချမိတဲ့အခါလည်း ရှိကြပါတယ်။ အမှားကနေ သင်ခန်းစာယူပြီး ရင့်ကျက်မှုကို တည်ဆောက်နေကြတဲ့ ဒိုင်တွေအတွက်တော့ ဘောလုံးပွဲတစ်ပွဲအပေါ်ကဖိအားဟာ မသေးလှပါဘူး၊ မှားနေတာကို မှန်အောင်ပြင်ပြီးနောက် ဆက်မမှားဖို့ကို ဆင်ခြင်နိုင်အောင်လို့ဘေးကနေပြီး ကောင်းသောအသိပေးမယ်ဆိုရင် အိုဘရီဘိုလို ဒိုင်လူကြီးကောင်းမျိုးတွေဟာ ဘောလုံးအသိုင်းအဝိုင်းမှာ အချိန်ကြာတဲ့အထိ ဆက်ရှိနေမယ် မဟုတ်ပါလား။ အမှားကို အမှန်ပြင်ပေးရမှာက လူတိုင်းမှာတာဝန်ရှိကြပါတယ်။ မှားနေသူကို မှန်ကန်အောင်ပြင်ဆင်ပေးပြီး လဲနေသူကို ထူပေးလိုက်မယ်ဆိုရင် မောဟကင်းပြီး ပျော်စရာကောင်းတဲ့ အချိန်အခါတွေဟာ နေရာတိုင်းမှာ ပြည့်နှက်နေမှာ မလွဲပါဘူးလို့ ဆိုရပါလိမ့်မယ်။ တကယ်တော့ ဒိုင်လူကြီးတွေဆိုတာ လက်ညှိုးပေါင်းတစ်ထောင်၊ မျက်လုံးပေါင်းတစ်သိန်းရဲ့ အမှား/အမှန်ကို တစ်ယောက်တည်းပဲ ဆုံးဖြတ်ချက်ချနေရတဲ့ သူရဲကောင်းတွေပဲ မဟုတ်ပါလားခင်ဗျာ။ ။ **(မြန်မာ့အလင်း)**



ဦး ဆန်းဝင်း Delta United FC နှင့် စာချုပ်ချုပ်ဆိုစဉ်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်အသင်းများ နည်းပြဆရာ ၁၁ဦးဖြင့် စာချုပ်ချုပ်ဆို

ရန်ကုန် မေ ၉

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင်အသင်းများ၏ နည်းပြဆရာများ စာချုပ်လက်မှတ်ရေးထိုးပွဲကို မေ ၇ရက်နေ့လယ်ပိုင်းက ကျင်းပရာ ရန်ကုန်ယူနိုက်တက် FC၊ ရတနာပုံ FC နှင့် Delta United FC တို့က နည်းပြဆရာစုစုပေါင်း ၁၁ဦးကို စာချုပ်ချုပ်ဆိုခဲ့ကြသည်။

ဦးခင်မောင်တင့် ရတနာပုံ FC နှင့် စာချုပ်ချုပ်ဆိုစဉ်။

ရန်ကုန်တိုင်းကိုယ်စားပြုသည့် ရန်ကုန်ယူနိုက်တက် FC အသင်းက နည်းပြချုပ်ဦးမျိုးလှိုင်ဝင်းကို လစာငွေကျပ် ၁၀သိန်း၊ လက်ထောက်နည်းပြများဖြစ်သည့် ဦးတင်မောင်ထွန်း၊ ဦးအေးနိုင်နှင့်ဂိုးနည်းပြ ဦးထွန်းတင့်အောင်တို့ကို လစာငွေကျပ်ငါးသိန်းစီ၊ မန္တလေးတိုင်းကိုယ်စားပြုသည့်ရတနာပုံ FC အသင်းက နည်းပြဦးခင်မောင်တင့်ကို လစာငွေကျပ် ၁၀ သိန်း၊ လက်ထောက် နည်းပြ ဦးဇော်လေးအောင် နှင့် ဂိုးနည်းပြ ဦးအောင်ကျော်ထူး တို့ကို လစာငွေကျပ်ငါးသိန်းစီ၊ ဧရာဝတီတိုင်း ကိုယ်စားပြုသည့် Delta United FC က နည်းပြချုပ် ဦးဆန်းဝင်းကို လစာငွေကျပ် ၁၀သိန်း၊ လက်ထောက်နည်းပြများဖြစ်သည့် ဦးအောင်နိုင်၊ ဦးမင်းဇော်ဦးနှင့် ဂိုးနည်းပြ ဦးအောင်ကျော်ကျော်တို့ကိုလစာငွေကျပ်ခုနစ်သိန်းငါးသောင်းစီဖြင့် အသီးသီးစာချုပ်ချုပ်ခဲ့ကြသည်။ **(မြန်မာ့အလင်း)**

ဦး တင်မောင် ထွန်း ရန်ကုန် ယူနိုက် တက် FC နှင့် စာချုပ် ချုပ်ဆိုစဉ်။

၂၀၀၉ခုနှစ် မိုးရာသီဘဏ်ချေးငွေ ထုတ်ချေးရေးညှိနှိုင်း

ပဲခူး မေ ၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပဲခူးတိုင်း၏ ၂၀၀၉ ခုနှစ်၊ မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ထုတ်ချေးရေးညှိနှိုင်းအစည်းအဝေးကို မေ ၂၉ရက် နံနက် ၈နာရီတွင် ပဲခူးမြို့နယ်၊ဥဿာမြို့သစ် သမိန်ဗရမ်းလမ်းရှိ ပဲခူးတိုင်း ဘဏ်ခွဲ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက ဘဏ်ချေးငွေများထုတ်ချေးပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် တက်ရောက်လာသည့် မြို့နယ်မန်နေဂျာများက ယခုနှစ် ထုတ်ချေးမည့်အစီအစဉ်များနှင့်လုပ်ငန်းဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက လုပ်ငန်းလိုအပ်ချက်များကိုညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အပြီးထုတ်ချေး

ပဲခူးတိုင်းအတွင်းရှိမြို့နယ်ဘဏ်ခွဲ ၂၈ခုမှ ယခုနှစ်မိုးရာသီ ဘဏ်ချေးငွေကျပ် ၁၆၆၇၀ဒသမ၁၁ သန်းကို မေလဆန်းမှစ၍ ဇွန်လကုန်တွင် အပြီး ထုတ်ချေးသွားမည် ဖြစ်သည်။

(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးသိမ်းအောင်(ငြိမ်း)၊ ဦးဆောင်ညွှန်ကြားရေးမှူး
(မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်)-ဒေါ်ခင်သက်
တို့၏သား

မောင်သူရအောင်

Master F.G,Chief Officer,Eastwind Shipping Management Pte.,Ltd.

နှင့်

ရန်ကုန်မြို့နေ ဦးစိုးလှစ်(ဒုတိယအထွေထွေမန်နေဂျာ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)-
ဒေါ်ခင်ထား(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှုညွှန်ကြားရေးဦးစီးဌာန)တို့၏သမီး

ဒေါက်တာနှင်းဥမ္မာစိုး

M.B.,B.S(Ygn)

လက်ထောက်ဆရာဝန်၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး

တို့၏ ၉-၅-၂၀၀၉ရက် (စနေနေ့) မွန်းလွဲတွင် Traders Hotel(Myanmar Ballroom) ခန်းမ၌ ကျင်းပပြီးစီးသော မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဒေါက်တာစိန်မောင် Ph.D.,New York University နှင့်ဇနီး ဒေါက်တာရင်ရင်မေတို့အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှဂုဏ်သရေရှိလူကြီးမင်းများ၊ ကိုယ်တိုင်တက်ရောက်ချီးမြှင့်နိုင်ခြင်းမရှိသော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာနေခြည်နွေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဇန်းကိုင်ဆောင်ပေးပါသော ဒေါက်တာယဉ်နွေဦးနိုင်နှင့် မလှဲ့ယဉ်စိုးမြင့်၊ သတို့သားအရံ မောင်စောကျော်မင်းဦး၊ သတို့သမီးအရံ ဒေါက်တာချောခင်ခင်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး တေးသံသာဖြင့် ဖျော်ဖြေပေးပါသော တေးသံရှင် ဟေမာနေဝင်းနှင့် Emperor တေးဂီတအဖွဲ့အားလည်းကောင်း၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးရှင် စိုးစိုးနှင့်အဖွဲ့အားလည်းကောင်း၊ ဗီဒီယိုဓာတ်ပုံမှတ်တမ်းတင်ပေးသော အေးဇော်မိုး(စက်မှု)အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးသော မမဥ္ဇူအားလည်းကောင်း၊ မင်္ဂလာဖိတ်စာများကို ပုံနှိပ်ပေးသော Dagon ပုံနှိပ်တိုက်အားလည်းကောင်း Traders Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သူရအောင်-ဒေါက်တာနှင်းဥမ္မာစိုး။

(၄၁)နှစ်မြောက် မင်္ဂလာဆုတောင်း

၂၀၀၉ခုနှစ် မေ ၁၀ရက်တွင် ကျရောက်သော ဖေဖေ **ဗိုလ်မှူးကြီးသိုက်ထွန်း** (ငြိမ်း) နှင့် မေမေ **သီရိသုဓမ္မသီဂိ ဆရာမ ဒေါ်နွဲ့နွဲ့ကြည်(မြင်းခြံ)** တို့၏ (၄၁)နှစ်မြောက် ရွှေရတု မင်္ဂလာအကြိုမှသည် နောင်နှစ်ပေါင်းများစွာ ဝိပဿနာ ဘာဝနာပွားများလျက် သားသမီး မြေးမြစ်များ၏ တုံ့ပြန်ကျေးဇူးဆပ်မှုကို ခံယူရင်း ပျော်ရွှင်စွာနေနိုင်ဖို့ ဆုတောင်းပါသည်။

သား - ဗိုလ်ကြီးမျိုးထွန်းသိုက်-ဒေါ်ကြူကြူဝင်း(B.Sc)
သား - ကိုမျိုးဝင်းသိုက်-မစန္ဒာလှိုင်(M.Sc)
သမီး - မခင်စန္ဒာထွန်း(LL.B)-ဒေါက်တာသန့်ဇာနည်ဖေယျ
သမီး - မခင်ငယ်ငယ်ထွန်း(MA)
သမီး - မခင်အိရွှေစင်ထွန်း(ဒုတိယဦးစီး)-ဒေါက်တာမျိုးမင်းဦး
မြေး - မသန့်သန့်မြင့်မိုရ်ဖေယျထွန်း၊ မသီရိရွှေစင်ဦး။

ထူးခြားသည့်နေ့အပူချိန်

(၉-၅-၂၀၀၉)

မုံရွာ	၄၄ ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၄ ဒီဂရီစင်တီဂရိတ်
ချောက်	၄၄ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်

(၉-၅-၂၀၀၉)

ရေး	၀ ဒသမ ၉၉ လက်မ
ကျော့သောင်း	၀ ဒသမ ၉၈ လက်မ

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၁၇)ဖြန့်ချီ

ရန်ကုန် မေ ၉

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၁၇)၌ ထူးခြားဆန်းပြား ဖြစ်ရပ်များနှင့် ခရီးသွားမြင်ကွင်းဖတ်လိုသူများအတွက် 'တောင်ဘယ်လောက်ကြီးကြီး ဖဝါးအောက်ရောက်စမြဲ' Myanmar DISCOVERY၊ ယဉ်ကျေးမှုအနုပညာနှင့်စာပေရသခံစားလိုသူများအတွက်'ရွှေးကောက်ပွဲဒဏ္ဍာရီ' Myanmar CHANNEL၊ ခေတ်ပေါ်နည်းပညာနှင့် ဂိမ်းများအကြောင်း လေ့လာလိုသူများအတွက် 'Tom Clancy's End WAR ဂိမ်းသုံးသပ်ချက်' Tech VIEW ကဏ္ဍသစ်များနှင့်အတူ ရေတ်သီးမှုန့်တွင် ဆိုးဆေး ပါမပါ ဆက်လက်စစ်ဆေး၊ အမှတ်တံဆိပ်ပါ အချိုရည်၊ ငံပြာရည်၊ရေတ်သီးမှုန့်နှင့် ယိုစုံများကိုစစ်ဆေးကြည့်ရာ ၉၅ရာခိုင်နှုန်း ကောင်းမွန်၊ ဘိုကလေးမြို့နယ် တောင်သူကြီးများ ယခုနှစ် လယ်ယာလုပ်ငန်း ပြည့်မီစွာလုပ်နိုင်ရန် ချေးငွေများလိုအပ်၊ ဒေါ်အောင်ဆန်းစုကြည်အိမ်အတွင်း လျှို့ဝှက်ဝင်ရောက်သော နိုင်ငံခြားသားတစ်ဦးကို ဖမ်းဆီးရမိ၊ ကမ္ဘာ့နေရာ အနှံ့တွင် တာဝန်ထမ်းဆောင်နေသော မြန်မာသင်္ဘောသားများ ပင်လယ်ဓားပြရန်မှကာကွယ်ရန် အစီအစဉ်တစ်ရပ်ထူထောင်သင့် စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ တစ်ပတ်စာအရသာသစ် 'ကိုရီးယားငရုတ်သီးအနှစ် ထမင်း'၊ 'ယဉ်ကျေးမှုချင်းတူညီတဲ့အတွက် ပေါင်းသင်းဆက်ဆံရတာ အဆင်ပြေတယ် လွယ်ကူတယ်ဆိုပြီး ရွေးချယ်ခဲ့တာပါ' မြန်မာအိုင်တီပညာရှင်များမွေးထုတ်ပေးနေသော Myanmar DCR Co., Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Tomyuki Lwanaga နှင့် ဖလားဝါးနယူးစ်ဂျာနယ်တို့ တွေ့ဆုံမေးမြန်းခြင်း အင်တာဗျူးဆောင်းပါးများနှင့်အတူ ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

တစ်ပြည်လုံးဖြန့်ချိ

ဘားရတ်အိုဘားမားရေး၍ ကိုကို(စက်မှုတက္ကသိုလ်)ဘာသာပြန်ဆိုထားသော 'အဖေ့ဆီကအိပ်မက်များ(၂၂)'၊ 'အခြေခံကျတဲ့ပူးပေါင်းဆောင်ရွက်မှုမှာ အပြန်အလှန်လေးစားမှုနဲ့ ရိုးသားမှုရှိရမယ်' အီရန်သမ္မတ အာမာဒီနီဂျက်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူး ဆောင်းပါးနှင့်အတူ အာဆင်နယ်အသင်းရှုံးနိမ့်မှုကြောင့် ပရိသတ်တစ်ဦးကြိုးဆွဲချအဆုံးစီရင်၊ ဝက်တုပ်ကွေးကို A/H$_1$N$_1$အဖြစ် အမည်ပြောင်းလဲရုံဖြင့် လူတို့၏စိုးရိမ်ထိတ်လန့်မှုများ ပြေပျောက်စေမည်လား၊လူတစ်ဦးက ဒတ်ချ်တော်ဝင်မိသားစုကို ကားဖြင့်တိုက်ရန်ကြိုးပမ်းရာ လူငါးဦးသေဆုံး၍ ၁၂ဦးဒဏ်ရာရ၊ အိမ်ဖြူတော်အဖွဲ့ဝင်တစ်ဦး ရောဂါပိုးကူးစက်သည်ဟု သံသယရှိပြီးနောက် အိုဘားမားအတွက် A/H$_1$N$_1$ မှာထိတ်လန့်စရာဖြစ်လာစသည့် နိုင်ငံတကာထူးထူးဆန်းဆန်း သတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှမြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

ညောင်ရေသွန်းလောင်း

ကဆုန်လပြည့် ဗုဒ္ဓနေ့က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အောင်ဗောဓိစေတီတော် ရင်ပြင်တော်ရှိ ဗောဓိညောင်ပင်၌ စေတီတော်ဂေါပကအဖွဲ့ နာယက ဗိုလ်မှူးချုပ်မျိုးမြင့်(ငြိမ်း)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင်တို့ အမှူးပြု၍ ဝတ်အဖွဲ့များ ညောင်ရေသွန်းလောင်းစဉ်။ (မြန်မာ့အလင်း)

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် မေ ၉

(၆၃)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေ ဦးဆောင်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မေ ၄ရက်က ရွှေသံလွင်ဘိုးဘွားရိပ်သာ ပတ်ဝန်းကျင်နှင့် ရိပ်သာဝင်းအတွင်းတွင် ကျင်းပသည်။

ရှင်းလင်းဖယ်ရှား

သန့်ရှင်းရေးဆောင်ရွက်ရာတွင် (၈၈)ရပ်ကွက် ဥက္ကဋ္ဌ ဦးလှမြင့်နှင့် ရပ်ကွက်သူရပ်ကွက်သားများ၊ မြို့နယ် အရန်မီးသတ် ဒုတပ်ခွဲမှူး ဦးအောင်သိန်းမြင့်နှင့် တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၀ကျော်က မြက်ပင်၊ ချုံပင်များနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရှင်းလင်းဖယ်ရှားကြသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

စုလျားရစ်ပတ်လက်ထပ်မင်္ဂလာ ညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ
ဦးသံဒိုင်အောင် (သစ်တောဦးစီးဌာန-ငြိမ်း)-ဒေါ်ဖြိုးဝေမာ (သစ်တောဦးစီးဌာန-ငြိမ်း)
တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးအောင်ပြည့်စုံ

B.C.Sc (DSA), M.C.Sc (U.C.S.M)

နှင့်

လားရှိုးမြို့၊ အမှတ်(၅)ရပ်ကွက်နေ
ဦးညွှန့်ဝေ (အမှုဆောင်အရာရှိ-ကွတ်ခိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့-
ဒေါ်နန်းနု (ဌာနခွဲစာရေး-လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့)
တို့၏သမီး

မနန်းသူသူအောင်

B.C.Sc (Hons), M.C.Sc (U.C.S.M)

(ကွန်ပျူတာစီစဉ်ရေးမှူး-ပြည်နယ်စည်ပင်သာယာရေးအဖွဲ့)

တို့၏ ၃၀-၃-၂၀၀၉ရက် (တနင်္လာနေ့)တွင် လားရှိုး မိုတယ်မင်္ဂလာခန်းမ၌ ကျင်းပသည့် မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဇနီး ဒေါ်ချယ်ရီ၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဒုတိယဗိုလ်မှူးကြီးညိုဝင်းမြင့်(ငြိမ်း)(ညွှန်ကြားရေးမှူး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ရှမ်းပြည်နယ်မြောက်ပိုင်း)နှင့်ဇနီး ဒေါ်ခင်မျိုးသန့်တို့အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်လှမြင့်၊ ဗိုလ်မှူးကြီးမျိုးချစ်နှင့် ဇနီးဒေါ်စဝ်စံပွမ်နှင့် စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲအား အဘက်ဘက်မှကူညီပေးပါသော လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးစိုးနိုင်(ငြိမ်း)နှင့် ဇနီး ဒေါ်ဖြူဖြူဝင်း၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဒုတိယမြို့နယ်တရားသူကြီး ဦးကိုကိုနှင့် မင်္ဂလာဘိသိက်သွန်းပေးပါသော ဦးစန်းမောင်တို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီဆိုတီးခတ်ပေးသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ် မောကိန္နရီတေးဂီတအဖွဲ့၊ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများပေးပို့ကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ပြည်နယ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးအောင်ပြည့်စုံ-မနန်းသူသူအောင်။

တာ့ဂ်ျမဟာ

အိန္ဒိယနိုင်ငံ အက်ဂရာမြို့၌ ဘုရင်ရှိတ်ဂျာဟန်က သူ၏အမြတ်နိုးဆုံးမိဖုရား မွမ်တက်မဟာကို လွမ်းဆွတ်သည့်အနေဖြင့် တည်ဆောက်ထားသော အဆောက်အအုံဖြစ်သည်။ ပါရှန်း၊ အော်တိုမန်နှင့် ရှေးခေတ် အိန္ဒိယဗိသုကာလက်ရာများဖြင့် လက်ရာမြောက်စွာ တည်ဆောက်ထားခြင်းဖြစ်သည့် တာ့ဂ်ျမဟာကို ၁၆၃၂ ခုနှစ်က စတင် တည်ဆောက်ခဲ့ပြီး ၁၆၅၃ခုနှစ်တွင် ပြီးစီးခဲ့သည်။ ထိုခေတ်ကာလကပင် ထောင်ပေါင်း များစွာသော ဗိသုကာပညာရှင်များနှင့် လက်မှုပညာရှင်များ ပါဝင် တည်ဆောက်ထားခြင်း ဖြစ်သည်။ နှစ်စဉ် ကမ္ဘာ့လှည့်ခရီးသည် ၁၂ သန်းခန့် လာရောက်လည်ပတ်လျက်ရှိသည့် အဆောက်အအုံဖြစ်သည်။ (အင်တာနက်)

ကမ္ဘာ့ခရီးသွားလုပ်ငန်း ရှုပ်ပုံလွှာ

ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရှိသော နာမည်ကျော် အပန်းဖြေစခန်းများနှင့် အဆောက်အအုံများအနက်၂၀၀၉ခုနှစ်တွင် ကမ္ဘာ့လှည့်ခရီးသွားများ အများဆုံးလာ ရောက်နိုင်သည့်နေရာများကို ကမ္ဘာ့ ခရီးသွားလုပ်ငန်းအဖွဲ့က မေ၅ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။ အဆိုပါ အဆောက်အအုံများမှာနှစ်စဉ်ကမ္ဘာ့လှည့် ခရီးသွားများ အများဆုံးရောက်ရှိခဲ့ရာ ၂၀၀၈-၂၀၀၉ခုနှစ်ကလည်း ယင်းနေရာ များသည် ကမ္ဘာ့လှည့်ခရီးသွားများ လာ ရောက်မှုကြောင့် ဝင်ငွေများစွာရရှိခဲ့သည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းတွင်ကမ္ဘာ့လှည့် ခရီးသွားများ အများဆုံး သွားရောက် လည်ပတ်သည့် အဆောက်အအုံအချို့ကို ဖော်ပြလိုက်ပါသည်။



တရုတ်မဟာတံတိုင်း

မဟာတံတိုင်းကြီးကို တရုတ်နိုင်ငံ၏ ပထမဆုံးမင်းဆက် ကျန်စီ ဟောင် လက်ထက် ဘီစီငါးရာစုခန့်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ် သည်။ တရုတ်နိုင်ငံ၏မြောက်ပိုင်းဒေသကို ကာကွယ်ပေးသည့် တံတိုင်း ကြီးအဖြစ် တရုတ်မင်းအဆက်ဆက်က ပြုပြင်မွမ်းမံ တည်ဆောက်ခဲ့ ကြသည်။ လက်ရှိ မဟာတံတိုင်းကို တရုတ်မင် မင်းဆက် (၂)လက်ထက်က နောက်ဆုံးပြုပြင် တည်ဆောက်မှု ပြုလုပ်ထားခဲ့ခြင်းဖြစ်ပြီး ပြုပြင် မွမ်းမံမှုများ ဆက်လက်ပြုလုပ်နေဆဲပင်ဖြစ်သည်။ မဟာတံတိုင်းကြီး၏ စုစုပေါင်း အရှည်မှာ ၄၁၆၀ မိုင် ရှည်လျားသည်။ နှစ်စဉ် ကမ္ဘာ့လှည့်ခရီးသွား ဧည့်သည်သန်းပေါင်းများစွာ လာရောက်လည်ပတ် လျက်ရှိသည်။ **(အင်တာနက်)**

တိုကျိုဒစ္စနေလင်းန်

ဂျပန်နိုင်ငံ တိုကျိုမြို့အနီး ချီဘာမြို့ရှိ အူရာယာဆုအရပ်၌ တည်ရှိသည်။ ၁၉၈၃ခုနှစ် ဧပြီ ၁၅ရက်၌ စတင်ဖွင့်လှစ်ခဲ့ပြီး အကျယ်အဝန်းမှာ ၁၁၅ဧကရှိ ကာ အပန်းဖြေစခန်းများ ပါရှိ သည်။၂၀၀၇-၂၀၀၈ဘဏ္ဍာရေး နှစ်ကာလအတွင်း ကမ္ဘာ့လှည့် ခရီးသွားဦးရေ ၁၃ဒသမ၉သန်း လာရောက်ခဲ့ရာ ကမ္ဘာ့ပေါ်တွင် ကမ္ဘာ့လှည့်ခရီးသွား ဧည့်သည် များရောက်ရှိမှု၌ တတိယအများ ဆုံးဖြစ်သည်။ (အင်တာနက်)

ပါရီမြို့ ဧကရီ

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် တည်ရှိသည့် ရှေးခေတ်အဆောက်အအုံဖြစ်သည်။ ကမ္ဘာ ပေါ်၌ ရှေးဟောင်းဗိသုကာလက်ရာမြောက် အဆောက်အအုံများအနက် စိတ်ဝင်စား စရာနှင့်ဆွဲဆောင်မှုအရှိဆုံး အဆောက်အအုံ ဖြစ်သည်။ ရှေးခေတ်ရောမလက်ရာအများ ဆုံး တွေ့မြင်နိုင်သည့် တစ်ခုတည်းသော အဆောက်အအုံဖြစ်သဖြင့် ပါရီမြို့ဧကရီဟု တင်စား ခေါ်ဝေါ်ခြင်းဖြစ်သည်။ ၁၇၉၀ ပြည့်နှစ်ခန့်က စတင်တည်ဆောက်ခဲ့ပြီး နှစ်စဉ်ကမ္ဘာ့လှည့် ခရီးသည် ၁၂သန်းခန့် လာရောက်လည်ပတ်သော အဆောက်အအုံ ဖြစ်သည်။ (အင်တာနက်)



ဘဝအမောပြေ

အမှတ်ရနေမှာပါ…

အလွန်နုမြောတွန့်တိုသော အမျိုးသားတစ်ဦး ခေါင်းမူး နေသဖြင့် ဆရာဝန်ထံ လာရောက်ပြသလေသည်။

ဆရာဝန် ။ ။ဘယ်လိုခံစားနေရပါသလဲ။
အမျိုးသား ။ ။ခေါင်းနည်းနည်းမူးနေလို့ပါ။
ဆရာဝန် ။ ။စမ်းသပ်ကြည့်ပေးမယ်။

ဆရာဝန် စမ်းသပ်စစ်ဆေးနေစဉ် ဆေးခန်း နံရံ၌ ချိတ်ထားသော စမ်းသပ်ခ၊ ကုသခနှင့် ဆေးဖိုးနှုန်းထားကို မြင်သဖြင့်…

အမျိုးသား ။ ။**"အခုကျွန်တော်ဘာမှ မဖြစ်တော့ပါဘူး… ပြန်ခွင့် ပြုပါ… "**ဟုပြောပြီး ရုတ်တရက် ထလိုက်လေသည်။
ဆရာဝန် ။ ။ဘယ်လိုဖြစ်လို့လဲ …ကျွန်တော်စမ်းသပ်လို့ မပြီးသေးဘူးဗျ…
အမျိုးသား ။ ။ရပါတယ်…ဘာမှမဖြစ်တော့ပါဘူး… ကျွန်တော်နေကောင်းသွားပါပြီ…
ဆရာဝန် ။ ။ကဲ…ဒါဆိုရင်လည်း ခင်ဗျားသဘော ပါပဲ…ဘဝရဲ့ နောက်ဆုံးအချိန်အထိ ဆေးခန်းလာပြတဲ့သူအဖြစ် ကျွန်တော် အမြဲအမှတ်ရနေမှာပါ။
အမျိုးသား ။ ။'ဗျာ'။

ဘဝဒဿန

❖ *Courage in danger is half the battle.*

❒ *အခက်အခဲ အကျပ်အတည်း ကြုံရချိန်၌ သတ္တိရှိခြင်းသည် အခက်အခဲကို တစ်ဝက်အောင်မြင်ပြီးဖြစ်သည်။*

ပလောတပ်စ်(ဂရိလူမျိုး၊ အတွေးအခေါ်ပညာရှင်)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မော်လတာသမ္မတနိုင်ငံ ဆိုသည်မှာ …

သတင်းအက်ဆေး

မော်လတာသမ္မတနိုင်ငံသည် မြေထဲပင်လယ်အလယ်ပိုင်းဒေသတွင် တည်ရှိသည်။ မော်လတာကျွန်းစုတွင် မော်လတာ၊ ဂိုဇို၊ ကိုမီနို၊ ကွန်ပီနော့တို့နှင့် ဖီဖလာကျွန်းများ ပါဝင်သည်။ ဤနိုင်ငံမှာ ဥရောပနှင့် အာဖရိကတိုက်မြောက်ပိုင်းအကြားရှိ အီတလီပိုင် စစ္စလီကျွန်း၏တောင်ဘက်တွင် တည်ရှိသည်။ ဤနိုင်ငံ၌ ရာစုနှစ်များနှင့်ချီ၍ ပြည်ပ လက်အောက်အုပ်ချုပ်ခံရသည့် သမိုင်းရှိသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေး

၁၈၁၄ခုနှစ်တွင် ဗြိတိသျှအင်ပါယာ၏ လက်အောက်ခံကိုလိုနီနယ်ပယ်တစ်ခု ဖြစ်လာသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မဟာမိတ်စစ်စခန်းများကို ဂျာမနီနှင့် အီတလီလေတပ်တို့က ပစ်မှတ်ထားပြီး အကြီးအကျယ်ဗုံးကြဲတိုက်ခိုက်မှုဒဏ်ကို ခံခဲ့ ရသည်။ ၁၉၄၇ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသည်။ ၁၉၅၉ခုနှစ်တွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ပြန်သိမ်းကာ ၁၉၆၂ခုနှစ်ရောက်မှ ပြန်လည်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးပြန် သည်။

၁၉၆၄ခုနှစ်တွင် မော်လတာနိုင်ငံမှာ လုံးဝလွတ်လပ်ရေးရသည်။ ၁၉၇၄ခုနှစ်တွင် မော်လတာသမ္မတနိုင်ငံ ဖြစ်လာသည်။ ၁၉၇၉ခုနှစ်တွင် ဗြိတိသျှစစ်စခန်းပိတ်လိုက်သည်။ လစ်ဗျားနှင့် ကွန်မြူနစ်နိုင်ငံတို့နှင့် ဆက်ဆံရေးပိုကောင်းလာသည်။ အာဏာရမော်လတာ လေဘာပါတီအပေါ် အမျိုးသားရေးပါတီက ၁၉၈၇ ခုနှစ်တွင် အနိုင်ရပြီးနောက် ဖိနက် အဒါမီ ဝန်ကြီးချုပ်ဖြစ်လာသည်။

ထောက်ခံ

၁၉၉၀ပြည့်နှစ်တွင် ဥရောပသမဂ္ဂ(အီးယူ) အဖွဲ့ဝင်ဖြစ်ရေး လျှောက်ထားသည်။ ၁၉၉၆ခုနှစ်တွင် အဲဖရက်ဆန့်ဦးဆောင်သည့် လေဘာပါတီ ပြန်လည်အာဏာရသောအခါ အီးယူအဖွဲ့ဝင်ဖြစ်ရေးကို ဘေးချိတ်လိုက်သည်။ တစ်ဖန် ၁၉၉၈ခုနှစ်တွင် ဖိနက်အဒါမီ၏ အမျိုးသားရေးပါတီက အာဏာပြန်ရလာသောအခါတွင်မှ အီးယူဝင်ရောက်ရေး ပြန်လည် ကြိုးပမ်းလာပြန်သည်။ ၁၉၉၉ခုနှစ်တွင် ဂိုက်ဒိုဒီမာကိုးက မော်လတာသမ္မတနိုင်ငံ၏ သမ္မတအဖြစ် ရာထူးလက်ခံသည်။ ၂၀၀၃ခုနှစ် မတ်လတွင် အီးယူဝင်ရောက်ရေး ပြည်သူ့ ဆန္ဒခံယူပွဲကျင်းပရာ ပြည်သူ ၅၃ရာခိုင်နှုန်းက ထောက်ခံသည်။

အနိုင်ရ

၂၀၀၃ခုနှစ် ဧပြီလ အထွေထွေရွေးကောက်ပွဲတွင် ဖိနက်အဒါမီ၏ အာဏာရ အမျိုးသားရေးပါတီကပင် အနိုင်ရသည်။ ၂၀၀၄ခုနှစ် မတ်လတွင် အဒါမီအနားယူသွား သောအခါ လောရင့်ဂွန်ဇီဝန်ကြီးချုပ်တာဝန်ကို ရယူလိုက်သည်။

၂၀၀၄ခုနှစ် မေလတွင် အီးယူအဖွဲ့ဝင်သစ် ၁၀နိုင်ငံတွင် ဤနိုင်ငံလည်းပါဝင် သည်။ ၂၀၀၅ခုနှစ် ဇူလိုင်လတွင် အီးယူဖွဲ့စည်းပုံအခြေခံဥပဒေကို မော်လတာပါလီမန်က အတည်ပြုသည်။ ၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် ဤနိုင်ငံက ယူရိုငွေသုံးစွဲရန် သဘော တူသည်။

လွတ်မြောက်လာ

မော်လတာကျွန်းကို ဖိုနီးရှန်း၊ ဂရိ၊ရောမ၊ အာရပ်၊ ပြင်သစ်နှင့် ဗြိတိန်တို့ အသီးသီး သိမ်းပိုက်အုပ်ချုပ်ခဲ့သည်။ ၁၉၆၄ခုနှစ်တွင် ဗြိတိသျှလက်အောက်က လွတ်မြောက်လာ ရသည်။

ပြဿနာတက်

ဤနိုင်ငံငယ်ကလေး အီးယူအဖွဲ့ဝင်နိုင်ငံဖြစ်လာကတည်းက အာဖရိကတိုက် မြောက်ပိုင်းမှ ပြောင်းရွှေ့ခိုးဝင်လာမှုပြဿနာသည် ကြီးထွားလာသည်။ နိုင်ငံတွင်းသို့ ခိုးဝင်လာသူများကို ၁၈လကြာ ထိန်းသိမ်းထားရေးမူဝါဒကို ကုလသမဂ္ဂဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီး(ယူအင်န်အိပ်ချ်စီအာရ်)ရုံးက ဝေဖန်လာသည်အထိ ပြဿနာတက် သည်။

သို့သော် မော်လတာသမ္မတနိုင်ငံ အီးယူအဖွဲ့ဝင်မဖြစ်မီ တစ်လအလို၌ ဝန်ကြီးချုပ် ဖြစ်လာသူ ဂွန်ဇီကမူ အီးယူအဖွဲ့ဝင်ဖြစ်မှုကြောင့် ပေါ်ပေါက်လာမည့် အခွင့်အလမ်းများ ကို လက်မလွှတ်တမ်းအသုံးချရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် လမ်းကြောင်းသစ် ပေါ် စတင်ခြေချမိပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ရပ်တည်ဝင့်ထည်

ဤနိုင်ငံ၏မဟာဗျူဟာမြောက် အချက်အချာကျသောနေရာ အနေအထားကြောင့် ရာစုနှင့်ချီ၍ အရေးပါသောကုန်သွယ်ရေးဌာနအဖြစ်သို့ ရောက်ရှိခဲ့သည်။ ယခုတိုင် ကုန်သေတ္တာ၊ ကုန်စည်များသယ်ယူပို့ဆောင်ရာ ထိပ်တန်းဌာနကြီးတစ်ခုအဖြစ် ရပ်တည် ဝင့်ထည်လျက်ရှိသည်။

မော်လတာသမ္မတနိုင်ငံသည် ကမ္ဘာ့လှည့်ခရီးသည်တို့ အနားယူအပန်းဖြေရာ လူကြိုက်များသော ကျွန်းစုနိုင်ငံဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏အဓိကငွေ ရှာပေးသောလုပ်ငန်းဖြစ်သည်။ ခရီးသွားလုပ်ငန်းမြှင့်တင်ပေးခြင်းဖြင့် နိုင်ငံတော်ပိုမို ဖွံ့ဖြိုးပြီး ဘက်စုံတိုးတက်လာမည်ဖြစ်ပါသည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

ဤနိုင်ငံ၏မဟာဗျူဟာမြောက် အချက်အချာကျသောနေရာ အနေအထား ကြောင့် ရာစုနှင့်ချီ၍ အရေးပါသော ကုန်သွယ်ရေးဌာနအဖြစ်သို့ ရောက်ရှိခဲ့၊ ယခုတိုင် ကုန်သေတ္တာ၊ ကုန်စည်များ သယ်ယူပို့ဆောင်ရာ ထိပ်တန်းဌာနကြီးတစ်ခု အဖြစ် ရပ်တည် ဝင့်ထည်လျက်ရှိ။

သွေးတိုးနှင့် နှလုံးရောဂါကာကွယ်ရေး

နေ့စဉ်နံနက်စောစော သန့်ရှင်းသောလေကို ရှူရှိုက်ပေးပါလျှင် သွေးတိုးနှင့် နှလုံးရောဂါတို့ ဖြစ်ပွားမှု လျော့နည်းစေနိုင်ဟုဆို

နေ့စဉ်နံနက်စောစော အိပ်ရာထချိန်၌ သန့်ရှင်းလတ်ဆတ်သောလေကို ၁၅မိနစ်ခန့် ရှူရှိုက်ပေးပါက နှလုံးရောဂါနှင့် သွေးတိုး ရောဂါဖြစ်ပွားမှုများ လျော့ကျပေးနိုင်ကြောင်း ကနေဒါသုတေသနပညာရှင်များကပြောကြားသည်။

ပံ့ပိုးနိုင်

ညအချိန် အိပ်စက်အနားယူခဲ့သဖြင့် ခန္ဓာအစိတ်အပိုင်းများအားလုံး ငြိမ်သက်မှုရှိနေပြီး သွေးလည်ပတ်မှု ပုံမှန်အနေအထားရှိနေရာ သန့်ရှင်းလတ်ဆတ်သောလေကို ရှူရှိုက်ပေးပါက သွေးလည်ပတ်မှုကို အထောက်အကူပြုစေသည့်အပြင် နှလုံးသွေးကြောများ သန်စွမ်းမှုကို ပံ့ပိုးပေးနိုင်သည်ဟု ၎င်းတို့က ပြောကြားသည်။

သန့်ရှင်းမှု

ထို့အပြင် နံနက်ပိုင်း သန့်ရှင်းလတ်ဆတ်သော လေတွင်ပါသော အောက်ဆီဂျင်ဓာတ်များက နှလုံးသွေးကြောများအတွင်းရှိ သွေးများအား သန့်စင်မှု ရှိစေရန် ကူညီပေးကြောင်း သိရသည်။ နေ့စဉ်နံနက်စောစော ၁၅မိနစ်ခန့် သန့်ရှင်းသောလေကို ရှူရှိုက်လေ့ရှိသူ ၂၀၀၀ ခန့်အား သုံးနှစ်ကြာ သုတေသနပြုခဲ့ရာ နှလုံးရောဂါနှင့် သွေးတိုးရောဂါဖြစ်ပွားမှု နည်းပါးသည်ကို တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

၂၀၀၈ ခုနှစ် အကောင်းဆုံးအားကစားသမားဆုများ ချီးမြှင့်

အောင်စည်သူ(ဂျူဒို)နှင့် မအောင်ငိုမ်း(မြားပစ်)တို့ ဆွတ်ခူး

၂၀၀၈ ခုနှစ် အကောင်းဆုံးအားကစားသမားဆုရရှိသည့် မအောင်ငိုမ်း(ဝဲစွန်)၊ အောင်စည်သူ(ဝဲဒု)၊ အကောင်းဆုံးနည်းပြဆုရရှိသည့် အရာခံဗိုလ်ဝင်းဖေ(ဝဲတတိယ)နှင့် အထူးဂုဏ်ပြုဆု ရရှိသည့် ရာဇာဝင်းသိန်းတို့အား ဂုဏ်ပြုဆုတံဆိပ်များနှင့်အတူ ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းဆောင်းပါး
မိုးမြင့်လင်းလက်

ဓာတ်ပုံမှတ်တမ်း
သိန်းဝင်းလေး (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု
ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် မေ ၉

မြန်မာ့အားကစားလောကအတွက် ဂုဏ်ယူဝမ်းမြောက်စရာနေ့ . . .။ ဂုဏ်ပြုချီးမြှင့်ခံရသည့် အားကစားသမားများအတွက် ကြည်နူးပီတိဖြစ်ရသည့်နေ့ပင်ဖြစ်သည်။ ယင်းမှာ အခြားမဟုတ်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်တို့က *စာမျက်နှာ ၇ ကော်လံ ၁* *

ငွဲကပင်အလှနှင့် ပန်တင့်နေသော ကရင်ပြည်နယ် ဘားအံမြို့အနီးမှ တရုတ်လု လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ ခရီးတစ်ခေါက်

ပိုက်ကြီးလေးလုံးဖြင့် မြစ်အတွင်းမှရေများကို ဤသို့ စုပ်တင်ကာ ပင်မမြောင်းအတွင်း ထည့်သွင်းနေသည့် မြင်ကွင်း။ (မြန်မာ့အလင်း)

သတင်းခရီးသည်နှင့်
ဓာတ်ပုံမှတ်တမ်း
မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု
ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၉

ကရင်ပြည်နယ် ဘားအံမြို့ကား ငွဲကပင်တောင်ဖြင့် လှပအေးချမ်းစွာ တည်ရှိနေသည်။ မြို့တွင်းလမ်းများ ကျယ်ဝန်းကာ ဖွံ့ဖြိုးတိုးတက်မှု ပြယုဂ်များဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် နေအိမ်တိုက်တာအဆောက်အအုံများကို နေရာတိုင်း၌ မြင်တွေ့ရသည်။ ဘားအံမြို့ကား ယခင်ကနှင့်မတူ တိုးတက်ပြောင်းလဲလာခဲ့ပေပြီ။

သံလွင်တံတား

ဘားအံမြို့တွင်း လှည့်လည်လေ့လာကြည့်ရှုရာမှ သံလွင်တံတား(ဘားအံ)သို့ ရောက်ရှိခဲ့သည်။တသွင်သွင် စီးဆင်းနေသော သံလွင်မြစ်ကို ဖြတ်ကျော်ကာ ဖောက်လုပ်ထားသည့် သံပေါင်ကွန်ကရစ်တံတားဖြစ်သည်။တံတားပေါ် လမ်းလျှောက်လေ့လာရင်း ပတ်ဝန်းကျင်မြင်ကွင်းကို ဂရုစိုက် *စာမျက်နှာ ၁၀ ကော်လံ ၁* ●